စိတ်ကူးချိုချိုအနုပညာ


မင်းခိုက်စိုးစန်

# လွမ်းလို့သေသွားတဲ့ သစ်ပင်



ဒုတိယအကြိမ်

mgyoe.com



ဒဟာဒီ [illegible] ရာသီ တစ်ခုလုံး ဖုံးလို့
ချစ်သူ[illegible]ပစက်နေကြတာ သာမန်ထက်ပါနဲ့
သူတို့[illegible]ပြီဆိုတဲ့အကြောင်း
နည်းနည်း[illegible] နောက်ကျပြီးမှ
သိရတာ[illegible]တယ်။

မင်းခိုက်စိုးစန်

ISBN 9789997119988
MK522
9 789997 119988
3,500.00KS

mgyoe.com

လွမ်းလို့သေသွားတဲ့သစ်ပင်၊ မင်းခိုက်စိုးစန်
စာမျက်နှာ ၂၀၈ မျက်နှာ၊ ၁၃ စင်တီ× ၂၀·၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ခင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၂၀၊ ဇန်နဝါရီလ၊ ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
၂၀၀၁ ရွှေပဒေသာစာပေ၏ ပထမအကြိမ်မူ

ရောင်းဈေး ၃၅၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

'အနမ်းတွေ ဆေးထိုးမှားခဲ့တာပါ'... တဲ့
လွမ်းလို့သေသွားတဲ့ သစ်ပင်က
သူ့အရွက်တွေကို ခြွေချပြီးပြောတယ်။

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com

ငါဟာ... အလွမ်းရဲ့ အစေအပါးတစ်ယောက်ပါ။ ပြီးတော့ လူသားမဆန်စွာ သေဆုံးခဲ့ရသူလည်း ဖြစ်လေရဲ့၊ မင်းရဲ့ တစ်ချက်တည်းသော ထုတ်ချင်းပေါက် အနမ်းဒဏ်ရာက သွေးထွက်လွန်ပြီး ကွယ်လွန်ခဲ့တာလေ။

ရယ်မောခြင်းတွေနဲ့ မင်း အမှျဝေပါ။ (အလွမ်းတွေကို ပန်းခွေလုပ်ပြီး ပို့စရာမလို)

နောက်တစ်နေ့မနက် အိပ်ရာထတဲ့အခါ ပျောက်ပျက်လွင့်ပြယ်သွားပြီလို့ မင်းထင်ထားတဲ့ ငါ့အချစ်တချို့တလေကို မင်းအိပ်ရာခေါင်းအုံးဘေးမှာ ပြန်တွေ့ရပါလိမ့်မယ်။

မင်းစိတ်ထဲမှာတော့ ဩော်... ညက ကြွေတဲ့ နှင်းစက်တွေပါလား... လို့ အောက်မေ့ချင် အောက်မေ့မှာပေါ့၊ (ငါ့နာမည်ကိုတော့ ယောင်ယမ်းလို့တောင် သတိရနေမှာ... သတိရမိမှာ မဟုတ်တာ သေချာပါတယ်) ကိစ္စမရှိပါဘူးကွယ်... ငါက (မင်းနဲ့ ပတ်သက်လာရင်) ကံဆိုးခြင်း အလေ့အထနဲ့ ကျင့်သားရ ယဉ်ပါးနေသူလေ...။

❐

mgyoe.com

mgyoe.com

စံပယ်တွေ
တရုန်းရုန်းရှာချခဲ့တာတောင်မှ
ငါဆိုတဲ့ကောင်ဟာ
ရနံ့တစ်ရတလေတောင်
စိုစွတ်ခွင့်   မရခဲ့ပါဘူး....

mgyoe.com

mgyoe.com

# အခန်း(၁)

*ချစ်သူဟာ*
*'အလင်း' ကို*
*ကမ္ဘာမြေပေါ် ပထမဦးဆုံး သယ်ဆောင်လာခဲ့သူ ဖြစ်ပေရဲ့။*

ရယ်စရာကောင်းသော အတွေ့အကြုံတစ်ခုဖြစ်သည့်တိုင် ရုတ်တရက်မို့ ရယ်ဖို့ သတိမရ။ မေ့လျော့နေ၏။ နောက်မှ တစိမ့်စိမ့်တွေးကာ ပြုံး ဖြစ်လေသည်။

"…. ကြယ်တာရာတွေကို အပြုံးယောင်ဆောင်ခိုင်းဖို့ ငါ့ဘဝထဲမှာ မှော်ဆရာမလေးတစ်ယောက် ရောက်လာတဲ့နေ့ပါပဲ"

ဟု ချမ်းမြေ့ညီညီက ဒိုင်ယာရီထဲတွင် ရေးထားလိုက်၏။

အဲယားကွန်းဘတ်(စ်)က လေပူတွေကို လှောင်ထားသလို ဖြစ်နေသောကြောင့် မွန်းကျပ်နေ၏။ ထိုင်စရာ နေရာရလို့ တော်ပါသေးရဲ့ဟု ညီညီက တွေးလိုက်သည်။ သို့သော်… သူ့နေရာက ပြတင်းပေါက်ဘက်က ထိုင်ခုံမဟုတ်ဘဲ လူသွားလမ်းနှင့် ကပ်လျက်ဖြစ်သောကြောင့် သိပ် အဆင်မပြေလှ။

လူဝကြီးတစ်ယောက်က ဘေးမှာရပ်ရင်း ပခုံးပေါ်ကို သူ့ဗိုက်ပူပူကြီး

mgyoe.com

mgyoe.com


ဖြင့် မီးကာ ငိုက်လျက်ပါလာ၏။ ဘုရားလမ်းမှတ်တိုင်ကို ဝင်ခါနီးတွင် ထိုလူဝကြီးက ဆင်းတော့မည့်ဟန်ဖြင့် အတက်အဆင်းပေါက်ဆီ တိုးထွက်သွားသည်။

အင်း... အခုမှပဲ အသက်ရှူချောင်တော့တယ်။

ကားမှတ်တိုင်တွင် စုပြုံနေသော လူအုပ်ကြီးကို သူလှမ်းမြင်နေရ၏။ ကားက တဖြည်းဖြည်း ဘီးလိမ့်ဝင်သွားသောအခါ ပလက်ဖောင်းပေါ်မှ လူအုပ်ကြီး ပြုံဆင်းလာကြသည်။

ပြတင်းပေါက် မှန်သားပြင်၏ ဟိုတစ်ဖက်ဆီကို သူ လှမ်းငေးနေမိသည်။

"အခု ရပ်မယ့်မှတ်တိုင်က ဘုရားလမ်းမှတ်တိုင်လားဟင်"

စကားလေသံထဲတွင် ရေခဲမုန့်ရနံ့တွေ သင်းပျံ့လာသည်ဟု ထင်ရ၏။

ရင်ထဲမှာ လတ်ဆတ်အေးမြသော သင်းချိုချိုဂီတတစ်ပုဒ် ကြားရလေသည်။

ညီညီ ဖျတ်ခနဲ လှည့်ကြည့်လိုက်၏။

အဝါရောင် ကောင်မလေးတစ်ယောက်.... (အဝါရောင် အိပ်မက်နုနုတွေ အကိုင်းဖျားထိ ပွင့်ဖူးနေသော သစ်ပင်ပေါက်စလေး တစ်ပင်နှင့်တူပါသည်)

"အခုရပ်မယ့် မှတ်တိုင်က ဘုရားလမ်းမှတ်တိုင်လား"

သူမက ထပ်မေးသည်။ ညီညီက ....

"အ... အာဝု... အအု... အု"

"ရှင်..."

ကောင်မလေးကြောင်နေသည်။ ညီညီက...

"အာဝု... ဝု"

ကောင်မလေးကို လက်ကာပြလိုက်ရင်း ဟိုကြည့်သည်ကြည့်ဖြင့် တစ်စုံတစ်ရာကို ရှာသည်။ ပါးစပ်က စကားမပြောနိုင်သေး။

မျက်လုံးပြူး မျက်ဆန်ပြူးဖြစ်နေသော သူ့ကို ကြည့်ရင်း ကောင်မလေး ထိတ်လန့်တကြား ဖြစ်သွားသည်။

mgyoe.com

mgyoe.com


ထိုအချိန်တွင် ကားက ဘရိတ်အုပ်လိုက်သောကြောင့် လူတွေအားလုံး ရှေ့ကို ယိုင်ထိုးသွားကြ၏။

ညီညီက ရှေ့ခုံကို လက်ဖြင့် ထိန်းမှီထားလိုက်သည်။ အဲသည်အချိန်မှာပင် ကားခေါင်မိုးအစပ်မှာ သူလိုချင်နေသောအရာကို တွေ့သွား၏။ သူ မတ်တတ်ထရပ်ပြီး လှမ်းယူသည်။

*

ညီညီက ကြွပ်ကြွပ်အိတ်ကလေးကို လက်ထဲတွင်ကိုင်ရင်း အဝါရောင်သစ်ပင်လေးကို တစ်ချက်ခိုးကြည့်လိုက်သေး၏။

ကောင်မလေးက သူ့ကို တအံ့တသြ စိုက်ကြည့်နေသည်။

*

ညီညီက ပါးစပ်ထဲမှ ကွမ်းဖတ်များကို ကြွပ်ကြွပ်အိတ်ထဲထွေးထည့်လိုက်သည်။ အား... အခုမှပဲ ရှင်းသွားတော့တယ်။

သူက... ကောင်မလေးကို လှမ်းပြောလိုက်သည်။

"ဟုတ်တယ်... ဒါဘုရားလမ်း မှတ်တိုင်၊ ဆင်း... ဆင်း"

*

ကောင်မလေး ဒေါသဖြစ်လောက်ပါသည်။ ကားမှတ်တိုင်က နောက်ဘက် အတော်ဝေးဝေးမှာ ကျန်ရစ်ခဲ့ပြီ ဖြစ်၏။

*

အံ့ကြိတ်ထားသော ကောင်မလေး၏ ပါးပြင်မှာ သွေးကြောကလေးတွေ ဒေါသဖြင့် အနီရောင်သန်းသောအခါ... တစ်ကမ္ဘာလုံး နှင်းဆီပွင့်တွေဖြင့် ဖုံးသွားသည်။

သူမဆံနွယ်စတွေဆီမှ စတော်ဘယ်ရီရနံ့ကလေးသင်းပျံ့လာ၏။ အနက်ရောင်မျက်စောင်းလှလှကလေးသည် ပျားရည်ဖြင့် ထွန်းညှိထားသော ဆီမီးဖြစ်သည်။

mgyoe.com

အလင်းတွေ ရင်နှင့်အပြည့်နေရာယူသွား၏။

*

သူမ၏ရင်ထဲမှာ ပွေ့ထားသော အနီရောင်ပန်းဖွားတွေနှင့် လွယ်အိတ်ထဲမှ စာအုပ်နှစ်အုပ် ထိုးထွက်နေသည်ကို မြင်ရ၏။ တစ်အုပ်တွင် ပါဠိ၊ အရှေ့တိုင်းပညာ၊ ရန်ကုန်တက္ကသိုလ်ဟု အဖုံးပေါ်မှာ ပုံနှိပ်ထားပြီး၊ နောက်တစ်အုပ်က အင်္ဂလိပ်ဘာသာဖြင့် ရေးထားသော နက္ခတ်ဗေဒင် ပညာစာအုပ်ဖြစ်၏။

ကြည့်စမ်း... ဘယ်လိုကောင်မလေးလဲလို့...။

အနည်းငယ် ထူးဆန်းသလို အောက်မေ့မိသည်။

*

လွယ်အိတ်ကိုပွေ့ထားသည့် လက်ဝဲဘက်လက်ကလေးဆီ သူ့မျက်စိအကြည့်က အမှတ်တမဲ့ ဦးတည်သွားမိသည်။

ဖျတ်ခနဲ မျက်နှာလွှဲလိုက်ပြီးခါမှ ထိုလက်ကလေးတစ်ဖက်တည်းကိုပင်...

နောက်တစ်ခါ... သေသေချာချာ ထပ်ကြည့်မိပြန်လေသည်။

ဝါဝင်းနုးညံ့သော အသားအရေက ကြောင်ကလေးတစ်ကောင်၏ မျက်လုံးလို ကြည်လင်နေသည်။ သွေးကြောစိမ်းစိမ်းကလေးတွေကို မြင်ရ၏။

လက်ဖမိုးက ပြေပြစ်စွာ ဖူးဖူးငုံငုံခုံးနေသည်။ နောက်... သွယ်နွဲ့ရှည်လျားသော လက်ချောင်းကလေးများ...။ လက်သည်းတွေကို တိတိရိရိ သပ်သပ်ရပ်ရပ် ဖြတ်ထားသည်။

အဲသည်နေရာမှာပင်...

သူ့နှလုံးသားကို ညှို့ထားသည့်အရာကို တွေ့လိုက်ရလေသည်။

လက်သန်းကလေးတစ်ချောင်းတည်းကိုသာ ရွှေရောင်လက်သည်းဆိုးဆေး ဆိုးထား၏။

❒

mgyoe.com

mgyoe.com

# အခန်း(၂)

*ချစ်ခြင်းဟာ*
*ဓားသန်လျက်တစ်စင်းမှ မရှိဘဲနှင့်*
*သူ့ရဲ့ နိုင်ငံတော်ကို အုပ်စိုးတယ်။*

မြက်ပင်အဖျားတွေပေါ်မှာ မိုးရေစက်ကလေးတွေ သီးနေ၏။ မုတ်သုံလေပြည်သည် ရင်ထဲကို လတ်ဆတ်အေးမြစွာတိုး၍ ဝင်လေသည်။

အဓိပတိလမ်းမပေါ်ကို ကံ့ကော်ရွက်တွေ ကြွေကျနေသည်။

မိုးရေစိုစွတ်ကာ ရင့်ကျက်မှိုင်းပျနေသည့် ဘွဲ့နှင်းသဘင်ခန်းမကို လှမ်းမြင်ရလေသည်။

*

သည်တက္ကသိုလ်ကျောင်းဝင်းထဲကို သိပ်ရောက်လေ့ရောက်ထ မရှိသောကြောင့် စိတ်ထဲမှာ စိမ်းသလို ခံစားရ၏။

ချမ်းမြေ့ညီညီက သည်စာသင်နှစ်တွင်မှ ပထမနှစ်ကျောင်းသားအဖြစ် စတက်ရသူဖြစ်သည်။ ထို့ကြောင့်လည်း နောက်ဆုံးနှစ် ကျောင်းသားများနှင့် ဘွဲ့လွန်ကျောင်းသားကျောင်းသူများသာ တက်ရသော ပင်မ

mgyoe.com

တက္ကသိုလ်ထဲသို့ လာရသည်မှာ စိတ်က အနေရကျုံ့သလိုလို၊ နွေးနွေး ထွေးထွေး ရှိသလိုလို အောက်မေ့မိလေသည်။

နောက်ဆုံးနှစ် ကျောင်းသားများထဲတွင် ညီအစ်ကိုလို ခင်မင်ရသော သူငယ်ချင်းအတော်များများ ရှိသည့်တိုင် သည်ကျောင်းဝင်းထဲကို ညီညီ သိပ်မလာဖြစ်။

တကယ်က...၊ နယ်မှ သူ့အစ်ကို၏ သူငယ်ချင်းများဖြစ်သော်လည်း ဝါသနာတူရာ ဂီတာတီးရင်း... သီချင်းတွေ ဆိုကြရေးကြရင်း ညီညီနှင့် ပိုရင်းနှီးသွားကြခြင်းဖြစ်၏။ သူတို့က အဆောင်နေကျောင်းသားများဖြစ် သောကြောင့် စနေ၊ တနင်္ဂနွေ ကျောင်းပိတ်ရက်များတွင် ညီညီငှားနေသည့် တိုက်ခန်းမှာ လာပြီးစုဆုံကြသည်။

သူတို့ရှိရာ ပင်မတက္ကသိုလ်ထဲသို့ ညီညီ သိပ်မလာချင်မှန်းသိကြ သောကြောင့် တစ်ခါမှ အတင်းအကျပ် မဖိတ်မခေါ်ခဲ့ကြ။

အခုနေများ... ငါ့ကို သူတို့တွေ့ရင် ဘာပြောကြမလဲ မသိဘူးဟု သူတွေးရင်း ပြုံးမိ၏။ သူငယ်ချင်းတွေကတော့ သူတို့ဆီ အလည်လာသည် ဟု ထင်ကြပေလိမ့်မည်။

သူက သူ့လက်ဝဲဘက် လက်သန်းကလေးကို ပြန်ငုံ့ကြည့်မိသည်။

ကောင်မလေးရေ... လက်သန်းလေးတစ်ချောင်းတည်းမှာ ရွှေရောင် လက်သည်းဆိုးဆေး ဆိုးထားတဲ့ မင်းရဲ့ လက်ဝဲဘက်လက်ကလေးကို... လွမ်းတယ်။

ကိုထွန်းစန်းကို တွေ့ရင် ကောင်းမှာပဲ... ဟု စိတ်က တောင့်တမိ၏။ ကိုထွန်းစန်းက အရှေ့တိုင်းပညာ အဓိကဘာသာမှ ဖြစ်သောကြောင့် သူ့ကို အဝါရောင်လက်သန်းကလေးအကြောင်း မေးကြည့်၍ ရနိုင်သည်။

မနေ့က သီချင်းဆိုပြိုင်ပွဲတစ်ခုကို ကိုထွန်းစန်းနဲ့အတူ သွားခဲ့ကြ သော်လည်း ထိုကြောင်းကို မမေးဖြစ်လိုက်။ သီချင်းဆိုပြိုင်ပွဲက စိတ်ပျက်စရာ ဝရုန်းသုန်းကားတွေ များနေသောကြောင့် အာရုံညစ်နွမ်းပြီး မေးဖို့မေ့သွားခဲ့ သည်။

ညီညီက လက်ထဲမှ ထီးကိုပြန်ဖွင့်ရင်း ကင်တင်းစားသောက်ဆိုင် တန်းတစ်လျှောက် ဟိုဟိုသည်သည် လိုက်ရှာကြည့်သည်။ ကိုထွန်းစန်းကို

mgyoe.com

mgyoe.com

မတွေ့။

သူ စိတ်ပျက်အားလျော့မိတော့မလိုလို ဖြစ်သွားပြီးမှ...

"ပါဠိစာသင်ခန်းတွေထက် လျှောက်ကြည့်ရင် ကောင်းမယ် ထင်တယ်"

ဟူသည့် အတွေးက ရိုးရိုးစင်းစင်းကလေးပင် ရင်ထဲရောက်လာ၏။

စာသင်ဆောင်တွေပေါ်ကို တက်ဖို့ရန် ခြေလှမ်းပြင်မိသည်။

ငါဟာ သားကောင်ကို လိုက်ရှာနေတဲ့ မုဆိုးတစ်ယောက်နဲ့များ တူနေပြီလား.... ဟု သူ့ဘာသာသူ ပြန်တွေးမိ၏။

ဟင့်အင်း... ငါဟာ မုဆိုး မဟုတ်ပါဘူး ကောင်မလေးရယ်။ ငါဟာ သားကောင်ပါပဲ။ မင်းရဲ့ ပစ်ခတ်ဖမ်းဆီးခြင်းကိုခံရဖို့ ကိုယ့်ကိုယ်ကိုယ် ထိုးကျွေးနေတဲ့သားကောင်ဟာ ငါပါပဲ။

**မုဆိုးကို လိုက်လံရှာဖွေနေသည့် အမိုက်မဲဆုံးသားကောင်သည် 'အချစ်' ဖြစ်လေသည်။**

ခေါင်မိုးသွပ်ပြားပေါ် မိုးစက်တွေ တဖြောက်ဖြောက် လွင့်ကျနေသည့် အသံကို ကြားနေရ၏။ စာသင်ခန်းများရှိရာ စင်္ကြံလမ်းတစ်လျှောက် ဖြည်းဖြည်းချင်း လျှောက်လာခဲ့မိသည်။ လက်ထဲမှာ ရေစိုနေသောထီးကို ကိုင်ထားရသောကြောင့် စိတ်ထဲက မလွတ်လပ်သလို ခံစားရ၏။

ထီးမှ ရေစက်တွေကို ခါပစ်လိုက်မည်ဟု စိတ်ကူးကာ လက်ကို လွှဲမြှောက်လိုက်မိပြီးမှ...

ဘေးလူတွေကို ရေစက်စဉ်ပြီး စိုကုန်ရင်တော့ ပြဿနာပဲ... ဟု တွေးကာ ဘေးပတ်ဝန်းကျင်ကို ဟိုဟိုဒီဒီ ကြည့်လိုက်သည်။

အဲသည် အခိုက်အတန့်မှာပင်....

စာသင်ခန်းထဲတွင် ထိုင်နေသော အဝါရောင် လက်သန်းကလေးကို မြင်လိုက်ရလေသည်။

အဝါရောင်လက်သန်းကလေးနှင့် မျက်နှာချင်းဆိုင်တွင် အရပ်ရှည်ရှည် ပိန်ပိန်နှင့် ခြေဆစ်လက်ဆစ်တောင့်တောင့် ကလန်ကလားမိန်းမတစ်ယောက်ကိုပါ တွေ့ရ၏။ အတော်အကြည့်ရဆိုးသည်။

'ကြက်ခြေထောက်ကြီးတစ်ချောင်း....' နှင့် တူသည်ဟု တွေးမိပြီး

သူ့စိတ်ထဲက နာမည်ပြောင်ပေးလိုက်၏။

အဝါရောင်ကောင်မလေးက ထိုကြက်ခြေထောက်ကြီးနှင့် တူသော ကလန်ကလားမိန်းမကို ဗေဒင်ဟောနေသည်။

"နင့်ဂြိုဟ်သက်က စနေဟာ ရာဟုထဲမှာ ရောက်နေတယ်။ ဒါကြောင့် 'ရေ' နဲ့ ပတ်သက်လို့ အန္တရာယ်ရှိနိုင်တယ် သတိထား"

"ဟင်... အဲဒါဆို ငါရေမချိုးဘဲ နေရမှာလား"

ကြက်ခြေထောက် ပြန်ပြောသည့်စကားကို နားထောင်ပြီး ညီညီ ရယ်ချင်သွားသည်။ ဘုရား... ဘုရား...၊ နောက်ဆို အဲဒီမိန်းမကို သတိထားပြီး ရှောင်မှ၊ တစ်ကိုယ်လုံး နံစော်နေတော့မှာပဲ။

"နင်ကလည်းဟာ...၊ အဲသည်လောက်ကြီးတော့ မဟုတ်ပါဘူး၊ ရေချိုးရင် အချိန်နဲ့ ကြည့်ချိုးပေါ့"

"အေး... အေး၊ ငါ ဒီနေ့ အိမ်ပြန်ရောက်တာနဲ့ ရေခွက်မှာ လက်ပတ်နာရီတစ်လုံး ပတ်ထားလိုက်မယ်"

ကြက်ခြေထောက်က အူကြောင်ကြောင်နှင့် ပြန်ပြော၏။

အဝါရောင်လက်သန်းကလေးက သူ့သူငယ်ချင်းကို အံကြိတ်ပြီး ကြည့်သည်။ သူမ မျက်နှာက အတော်စိတ်ပျက်လက်ပျက်ဖြစ်နေသည့်တိုင် ဗေဒင်ဆက်ဟောချင်လွန်းသောကြောင့် မနည်းသည်းခံ အားတင်းထားရပုံ ပေါ်နေ၏။ အဝါရောင်ကောင်မလေးက ခေါင်းပြန်ငုံ့ကာ စာရွက်ပေါ်တွင် ဟိုတွက်သည်တွက် လျှောက်ခြစ်ရင်း...

"အမယ်... နင်က မဆိုးဘူးဟ၊ သောကြာပေါ်ကို ကေတုဇာ သောကြာ စီးနေတော့... ချစ်သူတွေ့နိုင်တယ်၊ တစ်ယောက်တောင် မကဘူး၊ ယောကျာ်းတွေ ဝိုင်းဝိုင်းလည်နေမှာ"

ကြက်ခြေထောက်၏မျက်နှာက ချက်ချင်း ရွှင်လန်းမြူးထူးလာ၏။ တက်ကြွသောလေသံဖြင့်...

"အေး... အေး၊ အဲဒါတော့ ငါလည်း စိတ်ဝင်စားတယ်၊ လုပ်စမ်းပါဦးဟာ၊ ယောကျာ်း ဘယ်နှယောက်လောက် ရနိုင်မလဲလို့ တွက်စမ်းပါဦး"

အဝါရောင်လက်သန်းကလေး မျက်လုံးပြူးသွား၏။

mgyoe.com

mgyoe.com


"ဟင်... နင်ကလည်း တစ်ယောက်လောက်ရရင် တော်ရော ပေါ့၊ အများကြီး ဘာလုပ်ဖို့လဲ"

ရယ်ချင်လာသောကြောင့် ထိုစာသင်ခန်းအနီးမှ ကမန်းကတန်း လှည့်ထွက်ခဲ့သည်။ ကြာကြာဆက်နေလျှင် အော်ရယ်မိတော့မည်။

သူကတော့ ဗေဒင်ကို လုံးဝယုံကြည်သူ မဟုတ်ပါ။

လူ့ဘဝဆိုသည်မှာ အစီအစဉ်တကျ မရှိသော ပရမ်းပတာအဖြစ် တစ်ခုသာ ဖြစ်၏။ မည်သူကမှ ကြိုတင်စီမံ ဖန်ဆင်းထားခြင်း မဟုတ်ပါ။

အသက်ရှင်နေရသော လူတစ်ယောက်၏ တာဝန်မှာ ထိုပရမ်းပတာ အဓိပ္ပာယ်မဲ့ဘဝကို သတ္တိရှိရှိ ရင်ဆိုင်ဖို့သာ ဖြစ်၏။

သူ့ခေါင်းကို ခါယမ်းမိသည်။ ဆံပင်ရှည်ရှည်တွေ ဖွာခနဲ လွင့်သွားကြ၏။ သူ နားရွက်ရှေ့မှ ဆံမျှင်တွေကို လက်ဖြင့် သပ်တင်လိုက်လေသည်။ သူ၏ အဝါရောင်လက်သန်းကလေးကတော့ အဲသည် 'ဗေဒင်ပညာ' ကို နှစ်နှစ်မက်မက် ယုံကြည်ကျွမ်းဝင်သူတစ်ယောက် ဖြစ်နေနိုင်သည်ဟူသော အတွေးက အဆိပ်ဆူးတစ်ခုလို ရင်ထဲဆစ်ခနဲ ကိုက်ခဲနာကျင်လာ၏။

**ကိုယ်နဲ့မင်းဟာ...**

**ဆန့်ကျင်ဘက် ဖြစ်ဖို့အတွက် သက်သက်ပဲ**

**လာဆုံစည်းခဲ့လေသလားကွယ်...**

*

ထီးကို မဖွင့်ချင်တော့သောကြောင့် မိုးရေထဲမှဖြတ်ပြီး မြကျွန်းသာ ကင်တင်းတဲစက်မြိတ်အောက်သို့ ပြေးဝင်လိုက်၏။

"ဟော့ကောင်... ညီညီ၊ အပြေးအလွှားနဲ့ ဘယ်လိုဖြစ်လာ တာလဲ"

လက်ဖက်ရည်ဝိုင်းမှ လှမ်းခေါ်နှုတ်ဆက်သံ ကြားရသဖြင့် လှည့်ကြည့်လိုက်သောအခါ ကိုညွှန့်လွင်ကို တွေ့ရသည်။ သူနှင့်အတူ ကိုနန်းနွယ် ပါ ထိုင်နေ၏။

သူတို့နှစ်ယောက်စလုံးက ပထဝီမေဂျာမှဖြစ်သောကြောင့် အတန်းချိန် လွတ်တိုင်း သည်ကင်တင်းတွင် လာလာထိုင်လေ့ရှိသည်၊ များသောအားဖြင့်

mgyoe.com

mgyoe.com

ကိုထွန်းစန်းနှင့်တွဲပြီး ထိုင်လေ့ရှိ၏။

ကိုထွန်းစန်းကို ဘယ်မှာတွေ့မိသလဲဟု သူတို့နှစ်ယောက်ကို မေးကြည့်လျှင် ရနိုင်စရာရှိသည်။ အဝါရောင်ကောင်မလေး ရှိနေတုန်း ကိုထွန်းစန်းကို အချိန်မီခေါ်သွားပြီး...

ဟိုတစ်နေ့က ကားပေါ်က ကိစ္စကို တောင်းပန်ပစ်လိုက်မယ်ဟု သူ့ဦးနှောက်ထဲမှာ လျှင်မြန်စွာ အစီအစဉ်ဆွဲလိုက်၏။

"ဟော့ကောင်... ညီညီ ဘာဖြစ်လာတာလဲ"

ကိုညွန့်လွင်က သောက်လက်စ လက်ဖက်ရည်ခွက်ကို ချထားပြီး မျက်လုံးပြူးကြည့်ကာ ထပ်မေး၏။

ညီညီ့ စိတ်ထဲမှာ သတိတစ်ခု ဖျတ်ခနဲဝင်လာသည်။

အင်း... ဒီလူနှစ်ယောက်ကိုတော့ အသိပေးလို့မဖြစ်ဘူး။

ကိုနန်းနွယ်က အင်မတန် နောက်တတ်ပြောင်တတ်၊ ချောက်တွန်းတတ်သည်။ ကိုညွန့်လွင်ကတော့ အူကြောင်ကြောင်။ သူတစ်ပါးကို ကူညီချင်စိတ်ရှိသော်လည်း ကြောင်တောင်တောင် လုပ်ပုံကိုင်ပုံများကြောင့် သူဝင်ကူညီလိုက်တိုင်း ပြဿနာတက်ရသည်ကို ညီညီကြုံဖူး၏။

"သြော်... ဟိုဒင်း၊ ကိုညွန့်လွင်..."

သူ့နှုတ်က မရွံ့မရဲဖြစ်နေသည်။ ကိုညွန့်လွင်က...

"ပြောလေကွာ... မင်း ဘယ်ကဘယ်လို ရောက်လာတာလဲ"

"အတော်ပဲ ကိုညွန့်လွင်၊ ခင်ဗျားကိုတွေ့ရတာ အတော်ပဲ"

"အေး... ဟုတ်ပါတယ်ကွ... အတော်ပါပဲ၊ မသိသာလှပါဘူး၊ ပခုံးလေးနည်းနည်းကျုပ်နေတာ၊ ဒါနဲ့... ငါ့ညီလေးအကို ငါယူဝတ်လာတာ မင်းဘယ်လိုလုပ် သိသွားလဲဟင်"

ညီညီ စိတ်ပျက်သွား၏။ မကြောင်စမ်းပါနဲ့ဗျာ... ဟု ညည်းရင်း ကိုနန်းနွယ်ဘက်သို့ လှည့်ကာ...

"ကိုထွန်းစန်းကို တွေ့မိလားဟင်"

အကင်းပါးသော ကိုနန်းနွယ်က သူ့မှာ အရေးတကြီးကိစ္စတစ်ခုခု ရှိနေမှန်း ရိပ်မိသွားသည်။

"ဘာကိစ္စလဲဆိုတာ အရင်ပြောမှပေါ့ကွ... ဒါမှ ထွန်းစန်းနဲ့

mgyoe.com

mgyoe.com


တွေ့ပေးသင့်၊ မပေးသင့် ဆုံးဖြတ်လို့ရမှာ"

သူ့ကို ကိုနန်းနွယ် တမင်ညစ်နေမှန်း ညီညီ သိလိုက်၏။

ကိုနန်းနွယ်က လက်ဖက်ရည်ကုန်သွားသော ပန်းကန်လုံးထဲသို့ ရေနွေးကြမ်းငှဲ့ထည့်ပြီး အေးအေးဆေးဆေး လှုပ်ကျင်းကာ သွန်ပစ်လိုက်သည်။ သူ့ဘေးမှ ကိုညွန့်လွင်ဘက်လှည့်ပြီး ဒီကောင့်ကိုမပြောနဲ့ အသာနေဟူသည့် အဓိပ္ပာယ်ဖြင့် မျက်စိတစ်ချက် မှိတ်ပြလိုက်သည်ကိုပါ မြင်ရ၏။

ညီညီက စိတ်ပျက်လက်ပျက်ဖြင့် သက်ပြင်းချလိုက်သည်။

ဒီလူတွေကို ပြောမပြရင် ကိုထွန်းစန်းနဲ့ အချိန်မီတွေ့ရတော့မှာ မဟုတ်ဘူး... ဟု ရင်လေးစွာတွေးမိ၏။ ထို့ကြောင့်...

"ဒီလိုလေဗျာ... ကျွန်တော် ကိုထွန်းစန်းတို့ အတန်းထဲက ကောင်မလေးတစ်ယောက်ကို တောင်းပန်စရာရှိလို့..."

"ဟင်... ဘယ်သူလဲ၊ ဘယ်သူလဲ၊ ငါ့ကို ပြောစမ်းပါ၊ ထွန်းစန်းတို့အခန်းထဲက ကောင်မလေးတွေ အကုန်လုံး တစ်ယောက်မကျန် ငါသိတယ်။ သူတို့က ငါ့ကို သိပ်ခင်ကြတာ၊ တချို့ဆို ငါ့ကို တစ်ဖက်သတ် ကြိုက်နေကြတာ။ ငါက မသိချင်ယောင်ဆောင်နေလို့"

ညီညီက ကိုညွန့်လွင်ကို မယုံသင်္ကာဖြင့် လှည့်ကြည့်လိုက်၏။ နည်းနည်းမှ ယုံချင်စရာမရှိသော်လည်း ကိုညွန့်လွင်က ခပ်တည်တည် ဆက်ပြောနေသည်။

"ပြောစမ်းပါကွ၊ ငါသိမှာပါ။ အဲဒီကောင်မလေးက နာမည်ဘယ်သူတဲ့လဲ"

"နာမည်တော့ မသိဘူးဗျ။ အသားဖြူဖြူ... ကိုယ်လုံးကိုယ်ပေါက်က ခပ်သွယ်သွယ်၊ ဆံပင်က အရှည်နဲ့ဗျ"

"သြော်... ငါသိပြီ၊ ငါသိပြီ... ခင်စံပယ်လှိုင်ကိုပြောတာ ဖြစ်မယ်"

သူ... ကိုညွန့်လွင်ကို တစ်ချက်စိုက်ကြည့်လိုက်သည်။ ကိုညွန့်လွင်က မျက်လုံးကိုမှေးထားရင်း ခေါင်းတဆတ်ဆတ်ညိတ်ကာ စီးကရက်ကို ဖွာနေ၏ ။

mgyoe.com

 mgyoe.com


"အသားက အရမ်း... ဖြူဖြူဖွေးဖွေးကြီး မဟုတ်ဘူးနော်၊ ဝါဝါ နုနုလေး၊ နောက်ပြီး... မျက်လုံးက အရမ်းလှတယ်၊ သိတယ် မဟုတ်လား... ကိုညွန့်လွင်၊ ဟိုဒင်း... ဘယ်လိုပြောရမလဲ။ မျက်ဝန်းက နက်ပြီး အရောင်တောက်နေတာ..."

"သိတယ်... သိတယ်။ ဟုတ်ပါပြီ... အဲဒါ ခင်စံပယ်လှိုင်ပါ"

"နောက်ပြီး... ထူးခြားတာက သူ့ဘယ်ဘက်လက်မှာ လက်သန်းလေး တစ်ချောင်းတည်းကို..."

ကိုညွန့်လွင်က လက်ကာပြရင်း...

"တော်လောက်ပြီ... တော်လောက်ပြီ ညီညီ၊ မင်းပြောမှာတွေ ငါအကုန်သိတယ်။ မင်း... ရှေ့ဆက်ပြောနေရင် တစ်နေကုန်တောင် ပြီးမှ မဟုတ်ဘူး၊ ကဲ... ပြော၊ အဲဒီကောင်မလေးကို မင်းက ဘာဖြစ်လို့ တောင်းပန်ရမှာလဲ"

"အင်း... အဲဒါ... ဟာ... ပြောပြလို့ မဖြစ်ပါဘူးဗျာ။ တောင်းပန်ရမှာက... အဲ... အရှည်ကြီးပဲဗျ"

"ဟုတ်ပြီ... ညီညီ၊ ဟုတ်ပြီ အရှည်ကြီး... အင်း... အင်း ဒီလောက်ဆို ငါနားလည်ပြီ၊ မင်း ဘာမှပူမနေနဲ့တော့... ငါအခု အဲဒီကောင်မလေးကို သွားရှာမယ်၊ အဆင်ပြေအောင် ကြည့်ပြောခဲ့မယ်၊ ဟုတ်ပြီလား"

ညီညီ လန့်သွားသည်။

"ဟာ... မဟုတ်သေးဘူး၊ ကိုညွန့်လွင် မသွားနဲ့လေ၊ ဟိုဒင်း ကိုထွန်းစန်းကော..."

"ထွန်းစန်း ဒီနေ့ကျောင်းမတက်ဘူးကွ၊ မင်း အသာနေစမ်းပါ၊ ညွန့်လွင် သူဘာသာသူ ကြည့်လုပ်ပါလိမ့်မယ်"

ကိုနန်းနွယ်က သူ့လက်မောင်းတစ်ဖက်ကို အတင်းဆွဲထားသည်။ သူရုန်းထွက်၏။ ကိုနန်းနွယ်က မလွှတ်။

ကိုညွန့်လွင်က စာသင်ခန်းရှိရာစင်္ကြံဆီ တစ်လှမ်းချင်းလျှောက်သွားလေသည်။

ခဏကြာသောအခါ... ကိုညွန့်လွင် အမောတကောဖြင့် ပြန်ရောက်

mgyoe.com

mgyoe.com


လာပြီး...

"ဟော့ကောင်၊ မြန်မြန်လာ၊ အခန်းထဲမှာ ခင်စံပယ်လှိုင်နဲ့ သူ့သူငယ်ချင်းတစ်ယောက်ပဲ ရှိတယ်၊ လာ... လိုက်ခဲ့။ ငါအကျိုးအကြောင်း ပြောပြထားပြီးပြီ၊ မင်း... ဝင်တွေ့လိုက်ရုံပဲ"

ရင်ထဲမှာ ထိတ်ခနဲ ဖြစ်သွား၏။

"ကိုညွန့်လွင်... တကယ်နော်"

သူ ယုံချင်နေသည်။ ထရမလို ထိုင်ရမလို ဖြစ်နေ၏။ ကိုနန်းနွယ်က အတင်းတွန်းလွှတ်နေသည်။

"သွား... ဟော့ကောင်... မြန်မြန်သွား၊ ထားစမ်းပါ။ ဒီထီးကြီး ထားပစ်ခဲ့၊ ငါကြည့်ထားမယ်"

ကိုညွန့်လွင် နောက်သို့ သူပြေးလိုက်သွားရင်း...

"ကိုညွန့်လွင် ခင်ဗျား ဘာတွေ သွားပြောထားလဲ၊ ပေါက်ကရတော့ မလုပ်နဲ့နော်"

"ဒီလိုပဲ ကြည့်ပြောရတာပေါ့ကွာ၊ မင်းဟာ ခုမှ ပထမနှစ်စတက်တဲ့ ကျောင်းသားလေးတစ်ယောက်ဖြစ်တဲ့အကြောင်း၊ မင်းက သူ့ကို တောင်းပန်ချင်လွန်းလို့ ခက်ခက်ခဲခဲ မရမက လိုက်ရှာနေတာ ကြာပြီဖြစ်တဲ့အကြောင်း... အဲဒါတွေပေါ့"

ဟာ... လွဲကုန်ပြီဟု စိတ်ထဲက တွေးလိုက်၏။

"ဘယ့်နှယ်လုပ်ပြီး လိုက်ရှာနေတာကြာပြီ ဖြစ်သွားရတာလဲ၊ ကျွန်တော် သူ့ကို တစ်နေ့ကမှ တွေ့ဖူးတာဗျ"

"ဟင်... ဟုတ်လား၊ မသိဘူးလေကွာ။ ကောင်မလေး... မင်းကို သနားအောင် ငါက ကြံဖန်ပြီး လျှောက်ပြောပစ်လိုက်တာ၊ နည်းနည်းလွန်သွားတယ်၊ ကိစ္စမရှိပါဘူးကွာ... ငါကြည့်ဖြေရှင်းပါ့မယ်။

ကောင်မလေးက မင်းကို သိပ်သနားသွားတာကွ... သိလား"

"ဟုတ်ရဲ့လား ကိုညွန့်လွင်ရယ်"

"ဟုတ်ပါတယ်ကွ၊ ကောင်မလေးကတောင် ပြောလိုက်သေးတယ်။ ခုမှ ဆယ်တန်းအောင်သွားတဲ့ ကျွန်မ တပည့်တစ်ယောက်များ

mgyoe.com

mgyoe.com

ဖြစ်နေမလား မသိဘူး... လာတောင်းပန်ပါစေ ကိုညွန့်လွင်ရယ်၊ ကျွန်မ လက်ခံမှာပေါ့... တဲ့"

တစ်ခုခုတော့ လွဲချော်နေပြီဟူသော အာရုံခံစားမှုဖြင့် သူ့စိတ်တွေ ရှုပ်ထွေးချောက်ချားလာ၏။

ကိုညွန့်လွင် လက်ညှိုးထိုးပြသောနေရာကို လှမ်းကြည့်လိုက်သော အခါ စောစောက အဝါရောင်လက်သန်းကလေး ထိုင်နေသော စာသင်ခန်း ဖြစ်မှန်း သိလိုက်၏။ အင်း... ဟုတ်တော့ ဟုတ်ပါတယ်... ဒါပေမဲ့...

သူအမိပ္ပာယ်ဖော်မရ။ သူက...

"နေပါဦး... ကျွန်တော်က ဘာဖြစ်လို့ သူတပည့်ဖြစ်သွားရ တာလဲ"

"ခင်စံပယ်လှိုင်က ဆယ်တန်းကျောင်းသားတွေကို ကျူရှင်ပြ တယ်ကွ"

စာသင်ခန်းရှေ့တွင် ရပ်မိကြသည်။ ကိုညွန့်လွင်က...

"ဟိုမှာ... မင်းတောင်းပန်ချင်တဲ့ ခင်စံပယ်လှိုင်၊ ငါတို့ကတော့ သူ့ကို အရှည်ကြီးလို့ပဲ နာမည်ပြောင်နဲ့ ခေါ်ကြတယ်"

သူ လက်ညှိုးညွှန်ပြရာသို့ လှမ်းကြည့်လိုက်သောအခါ 'ကြက်ခြေ ထောက်ကြီး' ကို မြင်ရသည်။ သူမက အပြင်ထွက်တော့မည့်ဟန်ဖြင့် မတ်တတ်ရပ်ပြီး လွယ်အိတ်ထဲမှ ထီးကိုထုတ်နေသည်။ အဝါရောင် လက်သန်းကလေးက ဘေးမှာထိုင်နေ၏။

"ဟာ... လွဲကုန်ပြီ ကိုညွန့်လွင်၊ ကျွန်တော်ပြောတာ သူ မဟုတ် ဘူး"

သေသေချာချာ ပြောပြခဲ့ပါလျက်နှင့် ကိုညွန့်လွင် ဘာကြောင့်ပြန် သလဲမသိဘူးဟု တွေးမိသည်။ သူပြောပြသည့် ပုံပန်းသဏ္ဌာန်နှင့်လည်း နည်းနည်းမှ မတူ။ ဒီတစ်ယောက်က အသားမည်းမည်း၊ ကလန်ကလား မျက်လုံးမှေးမှေး။

"ဘယ်လို... ငါနားမလည်တော့ဘူး၊ မင်းစောစောက ပြော တော့ တောင်းပန်ရမှာက... အရှည်ကြီးဆို"

"သွားပါပြီဗျာ..."

mgyoe.com

mgyoe.com


ခင်စံပယ်လှိုင်ဟု ခေါ်သည့် ကြက်ခြေထောက်ကြီးက သူတို့နှစ်ယောက်ကို မြင်သောအခါ လှမ်းပြီး ပြုံးပြသည်။

"ဩော်... လာကြ၊ လာကြ၊ မမကို တောင်းပန်ချင်တယ်ဆိုတာ မင်းလား"

သူ ဘာပြန်ဖြေရမည် မသိ၊ ကိုညွန့်လွင်ဘက်ကို လှည့်ကြည့်လိုက်သောအခါ အူကြောင်ကြောင် အမူအရာကို မြင်ရသည်။

ညီညီ... နဖူးမှာ ချွေးစက်စို့လာ၏။ မျက်ဝန်းထောင့်စွန်းတစ်နေရာမှာ အဝါရောင်အရိပ်ကလေးကို မြင်နေရသောကြောင့် သူ့စိတ်တွေ ပိုပြီးယောက်ယက်ခတ်လာသည်။

ခင်စံပယ်လှိုင်က ထီးကို စားပွဲပေါ်ပြန်တင်ထားကာ ထိုင်ချလိုက်ရင်း...

"လာ... လာ၊ မင်းကို မမစောင့်နေတာ၊ မလာတော့ဘူးတောင်ထင်လို့ အခုပဲ အပြင်ထွက်တော့မလို့၊ မင်း နာမည် ဘယ်သူ၊ တပည့်တွေကများတော့ နာမည်တွေ မေ့နေတယ်ကွယ်။ ဩော်... သိပြီ၊ မင်းက ပုဏ္ဏာမိကျူရှင်မှာ တက်သွားတဲ့ ကျောင်းသားမဟုတ်လား... ဆယ်တန်းကို သုံးနှစ်လောက်ဖြေရတာလေ"

ကြက်ခြေထောက်ကြီးက သူ့စိတ်ထဲထင်ရာတွေ လျှောက်ပြောနေ၏။ ညီညီက

"ဟိုဒင်း...၊ မဟုတ်..."

"ဟုတ်ပါတယ်၊ မင်းကို ကောင်းကောင်းမှတ်မိနေတာပဲ၊ ဆရာဆရာမ ဆိုတာ အတန်းထဲမှာ သိပ်တော်တဲ့ကျောင်းသားနဲ့ သိပ်ဆိုးတဲ့ ကျောင်းသားနှစ်မျိုးကို ပိုမှတ်မိတာ၊ အဲ... သေချာပြီ၊ သေချာပြီ၊ ပြောရင်းနဲ့မှ ပိုပို မှတ်မိလာတယ်၊ မင်းကိုတောင် ပြောလိုက်သေးတယ်လေ... နင် ဒီပုံစံနဲ့... ဘယ်တော့မှ ဆယ်တန်းအောင်မှာ မဟုတ်ဘူးလို့၊ မင်း အဲဒီစကားကို စိတ်နာပြီး ဖိကြိုးစားလို့ အခု ဆယ်တန်းအောင်လာတာ မဟုတ်လား၊ အဲဒီလိုပဲ... ဆရာ ဆရာမ ဆိုတာ တစ်ခါတလေ..."

"မဟုတ်ဘူး ခင်ဗျ၊ လူမှားနေ...."

mgyoe.com

"အို… ဟုတ်ပြီ၊ အဲဒီတုန်းက ခြေဆော့လက်ဆော့ သိပ်လုပ်တာလေ။ ကျူရှင်က ကောင်မလေးတစ်ယောက်ရဲ့ ပိုက်ဆံအိတ်ကို မင်းခိုးသေးတယ် မဟုတ်လား"

အော်ငိုပစ်လိုက်ချင်စိတ် ပေါက်လာ၏။

ခင်စံပယ်လှိုင်က သူမ၏ ရှည်လျားသော ခြေထောက်နှစ်ချောင်းကို ဒူးခေါင်းတစ်ခုပေါ်တစ်ခု ချိတ်လွှဲ၍ ဆရာမတစ်ယောက်၏ အမူအရာ အပြည့်ဖြင့် ခပ်တင်းတင်းထိုင်ရင်း စကားတွေ တရစပ်ပြောနေသည်။

"ဟုတ်တယ်… ဟုတ်တယ်၊ အဲဒီတုန်းက မင်း ခိုးနေတုန်း လက်ပူးလက်ကြပ်ကို မိတာ၊ မင်းကို ရဲစခန်းပို့မယ်လို့တောင် မမ ခြိမ်းခြောက်လိုက်သေးတယ်လေ…၊ အဲဒီလိုခြောက်လို့လည်း မင်း အခုလို လူကောင်းသူကောင်းဘဝ ရောက်လာတာပေါ့၊ အခုမှ… မင်း… ဆရာ… ဆရာမရဲ့ကျေးဇူးကို နားလည်တာမဟုတ်လား"

ဒေါသဖြစ်ဖြစ်နှင့် လှည့်ထွက်ရန်ပြင်လိုက်သည်။

ကိုယ့်အိပ်မက်ထဲက သစ်ပင်ကလေး၏ ရှေ့တွင်သူခိုးဟု စွပ်စွဲခံရသောကြောင့် ရှက်စိတ်ဖြင့် တစ်ကိုယ်လုံး တဆတ်ဆတ် တုန်ယင်နေ၏။

ပြန်ဖြေရှင်းပြခွင့်မရသည့် အဖြစ်ကို ဒေါသထွက်မိသလို… ရယ်လည်းရယ်ချင်လာသည်။

ခင်စံပယ်လှိုင်က သူမ၏ ရှည်လျားသော ခြေထောက်ကို တလှုပ်လှုပ်နှင့် ဒူးနှန့်နေရင်း အဝါရောင်လက်သန်းကလေးဘက်သို့ လှည့်ပြော၏။

"အဲဒါပဲ ကြည့်တော့ကွာ…၊ ဆရာမ လုပ်ရတာ မလွယ်ဘူး၊ ကျောင်းစာအပြင် ကျောင်းသားတွေရဲ့ စာရိတ္တကိုပါ လိုအပ်ရင် လိုအပ်သလို ပြုပြင်ပေးရသေးတယ်"

အဝါရောင်လက်သန်းကလေးက…. သူ့ကို မှတ်မိပုံမပေါ်။ အထင်သေးသည့် မျက်ဝန်းများဖြင့် တစ်ချက်လှမ်းကြည့်ရင်း…

"သိပ်တော့ စိတ်ချလို့ မရဘူးနော်၊ ဘယ်လိုမှတော့ မအောက်မေ့နဲ့။ နင်က တပည့်တွေအပေါ် ယုံလွယ်တတ်လွန်းလို့ ပြောတာ"

ညီညီ့စိတ်ထဲမှာ ထောင်းခနဲဒေါသဖြစ်ကာ မွှန်ထူသွားသည်။ မျက်စိထဲ ဘာမှမမြင်တော့…။ ရေငွေ့ရေမှုန်တွေ ဥနေသည့် မှန်သားပြင်တစ်ချပ်ကို

mgyoe.com

mgyoe.com

ဖြတ်ကာ ကြည့်နေရသလိုမျိုး... ဝေဝါးမွန်းကျပ်လာ၏။

"ကျွန်တော်... ပြန်မယ် ကိုညွန့်လွင်၊ ခင်ဗျားပဲ ရှင်းပြလိုက်တော့" ဟု ပြောပြီး ကိုယ့်ထီးကို ကိုယ်ကောက်ယူကာ ကမန်းကတန်း လှည့်ထွက်လာခဲ့သည်။

ကျောခိုင်းထားဆဲမှာပင် အဝါရောင်လက်သန်းကလေး၏ စကားသံကို ကြားနေရသည်။

"ခိုးတတ်တဲ့ ဗီဇပါတဲ့ လူဟာ... တော်ရုံတန်ရုံ ဆုံးမရုံနဲ့တော့ သူတို့အကျင့်ကို ဖျောက်ခဲတယ်၊ ဗေဒင်မှာတော့ အဲဒါကို စောရနက္ခတ်ပါတယ်လို့ ခေါ်ကြတာပေါ့၊ ဟော... ဟောကြည့်၊ ပြောရင်းဆိုရင်း... နင့်ထီးကို အလစ်သုတ်သွားပြီ"

သူမ၏စကားကြောင့် ညီညီ... ကိုယ့်လက်ထဲပါလာသည့် ထီးကို ပြန်ငုံ့ကြည့်ဖြစ်၏။

ဟာ... သွားပြီ။

ကင်တင်းမှ အထွက်တွင် သူ့ထီးကို ကိုနန်းနွယ်က ယူထားလိုက်သည်ကို မေ့လျော့နေခဲ့သည်။

လက်ထဲမှာတော့ သူအယောင်ယောင်အမှားမှားဖြင့် စားပွဲပေါ်မှ ကောက်ယူလာသည့် ခင်စံပယ်လှိုင်၏ ထီး...။

"ဟဲ့... ဟဲ့၊ ငါ့ထီး ပြန်ပေး"

"ဟာ... မဟုတ်ဘူး၊ ကျွန်တော့်ကို တလွဲမထင်ပါနဲ့၊ ကိုညွန့်လွင် ရှင်းပါဦးဗျာ"

ကိုညွန့်လွင်က...

"ဟုတ်တယ်... ဟုတ်တယ်၊ တို့တစ်တွေဟာ လူကောင်းတွေ မဟုတ်ဘူး၊ ဟာ... စကားတွေတောင် မှားကုန်ပြီ..."

"အို... ဒီမှာ လက်ပူးလက်ကြပ်မိနေမှပဲ..."

အဝါရောင်လက်သန်းကလေး၏ အသံ...။

သူ ဘာမှမပြောမနေချင်တော့။ လက်ထဲမှထီးကို စားပွဲပေါ် ပစ်တင်ပေးလိုက်ပြီး ချာခနဲလှည့်ကာ ပြေးထွက်လာခဲ့တော့သည်။

*

mgyoe.com

mgyoe.com


'အစကောင်းမှ အနှောင်းသေချာ' ဟူသော စကားပုံကို သတိရမိ၏။ အချစ်တွင် အစ... အလယ်... အဆုံး မရှိသောကြောင့် အနှောင်းသေချာဖို့ အတွက် အစကောင်းစရာ မလိုပါ။

အချစ်သည် လွဲချော်မှုများဖြင့်လည်း စတင်နိုင်ခွင့် ရှိပါသည်။

❐

mgyoe.com

mgyoe.com

## အခန်း(၃)

*ပန်းပွင့်တွေ 'မတော်တဆ' ဝတ်မှုန်ကူးကြတယ်...။*
*ဒါနဲ့ပဲ... ကမ္ဘာပေါ်မှာ*
*ပထမဆုံး ဥယျာဉ်ဖြစ်လာခဲ့တာပေါ့...။*

*ချစ်သူရေ...*
*'မတော်တဆဖြစ်မှု' တစ်ခုနှင့်အတူ*
*ငါ့ကို ရှေ့ဘူတာမှ စောင့်ပါကွယ်...။*
*ဝတ်မှုန်တွေကို သွန်းလောင်း*
*ငါ့ကိုယ်ငါ ခုတ်မောင်းလို့ လာခဲ့မယ်။*
*တို့နှစ်ယောက် ဥယျာဉ်တော် တည်ထောင်ခန်းပေါ့ကွယ်...။*

အင်း... ဟုတ်တယ်၊ 'မတော်တဆဖြစ်မှု' တစ်ခုနဲ့ပါ။ ယူရေးကား EUREKA ဆိုတဲ့ စကားကို မင်းကြားဖူးလား...၊ အဲဒါ အာခိမိဒိဆိုတဲ့ လူကြီးတစ်ယောက် ရေချိုးကန်ထဲ ဝင်စိမ်ရာက 'ပေါလောပေါ် နိယာမ' ဆိုတာကို မတော်တဆ တွေ့လိုက်ရစဉ်မှာ ဝမ်းသာအားရ အော်တဲ့ အသံပေါ့။

mgyoe.com

mgyoe.com

မတော်တဆမှုတွေ များလှတယ်။

နယူတန်ဟာ ပန်းသီးပင် အောက်မှာထိုင်နေရင်း ကမ္ဘာမြေဆွဲငင်ခြင်း အကြောင်း 'မတော်တဆ' တွေ့ရှိခဲ့တယ်။

'မတော်တဆဖြစ်မှု' တွေဟာ လောကကြီးကို တစ်ဝက် ဖန်ဆင်းလေရဲ့...။

အချစ်ရေ...

ငါ့ဘဝရဲ့ (တစ်ခုတည်းသော) အလှပဆုံး မတော်တဆဖြစ်မှုကတော့ မင်းကို ရှာဖွေတွေ့ရှိခဲ့ခြင်းပါပဲကွယ်...။

မုတ်သုံလေပြည်တစ်ချက် တိုက်ခတ်လိုက်သည်။ စကြာပုပုကလေး၏ ခေါင်မိုးပေါ်မှာ သရဲတစ္ဆေတွေ ရုပ်တိုက် ပြေးလွှားကြသလိုမျိုး သစ်ရွက်တွေ တဖွဲဖွဲလွင့်သွားပုံကို မြင်ရ၏။

အဝါရောင်လက်သန်းကလေးကို တွေ့ချင်မြင်ချင်သောစိတ်က သူ့ရင်ဘတ်ထဲတွင် သရဲတစ္ဆေတစ်ကောင်လို လမ်းလျှောက်နေလေသည်။

*

ဘာရယ်မဟုတ်ပါဘဲ... အဝါရောင် လက်သန်းကလေးကို ကမ္ဘာပေါ်တွင် ပထမဦးဆုံး တည်ဆောက်ခဲ့သော မီးသတ်တပ်ဖွဲ့အကြောင်း ပြောပြချင်နေမိသည်။

ထိုမီးသတ်တပ်ဖွဲ့ကို ရောမဧကရာဇ်ဩဂတ်စတပ်က တည်ထောင်ခဲ့ခြင်းဖြစ်ပါသည်။ စတင်ဖွဲ့စည်းခါစက မီးသတ်သမားအဖြစ်ကျွန်များကို တာဝန်ပေးခဲ့သည်။

သို့သော်... နောက်ပိုင်းတွင် ကျွန်များကို ဖယ်ရှားလိုက်ပြီး လွတ်လပ်သည့် အရပ်သားများကိုသာ မီးသတ်သမားအဖြစ် ခန့်အပ်ခဲ့၏။ အဘယ်ကြောင့်ဆိုသော် တကယ်တမ်း မီးအကြီးအကျယ်လောင်သည့်အခါ ကျွန်များက သက်စွန့်ဆံဖျား မီးငြိမ်းသတ်ဖို့ မကြိုးစားကြသောကြောင့် ဖြစ်သည်။ သူတို့ မပိုင်ဆိုင်သော ပစ္စည်းဥစ္စာများ၊ အိမ်များကို မီးလောင်ခြင်းမှ ကာကွယ်ရန် သိပ်စိတ်ပါလက်ပါ မရှိခြင်းသည် ကျွန်များအတွက် သဘာဝကျပါသည်။

mgyoe.com

mgyoe.com


တကယ်တမ်း... အားကြိုးမာန်တက် မီးငြိမ်းသတ်ဖို့ ဆန္ဒပြင်းထန်သူများမှာ လွတ်လပ်သူများ ဖြစ်ပါသည်။

*

လူ့ဘဝဆိုသည်မှာ မီးလောင်နေသော အိမ်တစ်လုံးဖြစ်၏။ မိမိကိုယ်မိမိ လွတ်လပ်သူအဖြစ် ခံယူထားသူများသာလျှင် ရဲရဲဝံ့ဝံ့ ရင်ဆိုင် မီးသတ်လိုစိတ်ရှိလိမ့်မည် ဖြစ်သည်။

*

ဘွဲ့နှင်းသဘင်လမ်းမဘေး မြက်ခင်းစိမ်းစိမ်းပေါ်မှာ အနီရောင်စိန်ပန်းတွေ ကြွေကျနေကြသည်။

ကိုနန်းနွယ်က ကွမ်းတံတွေးကို ထွီခနဲ ထွေးထုတ်လိုက်ရင်း...

"မင်းကလည်းကွာ... ကားမှတ်တိုင်မေးတာပဲ၊ ပါးစပ်နဲ့ ဖြေမှ ရမယ့်ကိစ္စမဟုတ်ပါဘူး၊ ခေါင်းညိတ်ပြလိုက်ရင်ရသားနဲ့... မင်းကိုက ကြောင်တာပါ"

"မဟုတ်ဘူး... ကိုနန်းနွယ်ရဲ့၊ အဲဒီအချိန်မှာ ကျွန်တော့်စိတ်က ဘယ်လိုဖြစ်သွားမှန်းကို မသိဘူး၊ သူ့ကို စကားလေးတစ်ခွန်းဖြစ်ဖြစ် ပြောလိုက်ချင်တာ"

ညီညီက သစ်ပင်တွေဆီ လှမ်းငေးရင်း ခပ်တိုးတိုး ပြောသည်။ အရွက်ဖားဖားနှင့် ကျွန်းပင်ကြီးပေါ် ရှဉ့်ညိုညိုကလေးတွေ တက်လိုက်ဆင်းလိုက် လုပ်နေကြသည်ကို မြင်ရ၏။

မိုးငွေ့ကြောင့် သစ်ပင်ကိုင်းခက်တွေ စိုစွတ်နေကြသည်။

"ကောင်မလေးက တော်တော်လှလို့လား"

ကိုနန်းနွယ်၏ အမေးကြောင့် သူအသက်ရှူသံကို ဖွဖွမှုတ်ထုတ်ဖြစ်၏။

"လှတယ်... ဆိုတာ ဘာလဲ၊ ကျွန်တော် မသိဘူး၊ ကမ္ဘာပေါ်မှာ ဘယ်သူမှလည်း အဲဒီစကားလုံးရဲ့ အဓိပ္ပာယ်ကို တိတိကျကျ သိကြမှာ မဟုတ်ပါဘူး"

mgyoe.com

mgyoe.com


သူ့မျက်ဝန်းအစုံကို မှိတ်လိုက်၏။

သူမ၏ဆံပင်မှ သင်းပျံ့သောရနံ့ကို ရှူရှိုက်ရသည်ဟု ထင်ချင်သည်။ သူမသည် အဝါရောင်ငှက်ကလေးတစ်ကောင် ဖြစ်၏။

သူရင်ခုန်လာသည်။

အိပ်မက်လိုလို အာရုံထဲတွင် လက်သန်းကလေးတစ်ချောင်းတည်းမှာ ရွှေရောင်လက်သည်းဆိုးဆေး ဆိုးထားသည့် သူမ၏ လက်ဝဲဘက်လက်ကလေးကို မြင်ယောင်လာသည်။

"ဟော... မိုးစက်တွေ ကျလာပြီ၊ ရော့... ဟော့ကောင် မင်းမနေ့က ငါ့ဆီမှာ ကျန်ခဲ့တဲ့ထီး"

ကိုနန်းနွယ် လက်ထဲမှထီးကို သူလှမ်းယူသည်။ အဲသည် အခိုက်အတန့်မှာပင် နှစ်ယောက်သား ပြိုင်တူရယ်မိကြလေသည်။

မနေ့က ကိုညွန့်လွင်ကြောင့် အလွဲလွဲအချော်ချော်ဖြစ်ခဲ့ရသည်ကို ပြန်သတိရပြီး သူရှက်သွား၏။

သူက ရှက်ကိုးရှက်ကန်းဖြင့် "ဒီလူဗျာ၊ လူမှားပုံကလည်း နည်းနည်းပါးပါး ခပ်ဆင်ဆင်တူလို့ မှားတယ်ဆိုရင် ထားပါတော့၊ အခုတော့ တလွဲကြီး၊ ဘယ်နေရာမှ မတူဘူး။ အရပ်က ကလန်ကလား... အသားကမည်းမည်း"

ကိုနန်းနွယ်က ရယ်မောရင်း...

"ဟိုအမျိုးသမီး အသားတော်တော်မည်းလား"

သူ ပခုံးတွန့်မိ၏။ မနေ့က အဖြစ်အပျက်ကို ပြန်မြင်ယောင်ကြည့်လိုက်သည်။

ဖတ်ခဲ့ဖူးသော ဦးပုည၏ စာတစ်ပိုဒ်ကို ဖျတ်ခနဲ သတိရလိုက်၏။

အသားတော် ရောင်ထွက်တာက
မှောင်နက်လို့ မည်းညို
ထောင်ထွက်နှင့် မကွဲလိုတယ်
သရဲဆို ဇာတိ
ခံတွင်းကသာ ထုတ်ဖော်လျှင်
အာပုပ်စော် ဆိုးလှပါဘိ။

mgyoe.com

သူ့ပါးစပ် အပြီးပေတယ်
သချီး(သွားချိုး)တွေ အပြည့်။
အနီးလေ လွန်မကြည့်ချင်ဘု
ရှုံ့စလိ ကြောက်ဖွယ်၊
ဖုတ်တစ္ဆေ ရုပ်ရည်ကျအောင်
ဖြုတ်တွေက ပေါ်လိုက်လှတယ်။
ကိုယ်နံ့က ခွေးသူငယ်လို....

*

ကိုနန်းနွယ်က...

"မနေ့ကတော့... ကိုညွန့်လွင်က သူသေသေချာချာ ရှင်းပြခဲ့တယ်လို့ ပြောတာပဲ၊ ဒီနေ့လည်း... သူ ထွန်းစန်းကို သွားရှာတယ်၊ ကင်တင်းမှာ သူတို့နှစ်ယောက် စောင့်နေလိမ့်မယ်၊ ဒီနေ့... မင်းနဲ့ ထွန်းစန်းနှစ်ယောက် သွားပြီး သေသေချာချာ ပြောပြလိုက်ပေါ့"

ဗာဒံပင်အရိပ်တွေကျရာ ကင်တင်းဆီသို့ နှစ်ယောက်သား လျှောက်လာခဲ့ကြသည်။ သဲဆန်သော မြေမှာ မိုးရေတွေ စိုစွတ်ထားသောကြောင့် နင်းလိုက်တိုင်း ဖိနပ်တွင် မြေမှုန်သဲမှုန်တွေ ကပ်ငြိတင်၏။ စကြံလမ်းအဆုံး လှေကားပုကလေးပေါ်တွင် ရပ်လိုက်ရင်း ကိုနန်းနွယ်က...

"ဟိုနှစ်ကောင် ခုထိ မရောက်သေးဘူးကွ၊ ထွန်းစန်းကို ရှာလို့ မတွေ့ဘူး ထင်တယ်"

သူတို့နှစ်ယောက်.... စင်္ကြံလမ်းနှင့်ကပ်လျက် ထိပ်ဆုံးစားပွဲတွင် ဝင်ထိုင်လိုက်သည်။ စားပွဲထိုးလေးက...

"ဘာသောက်မလဲ... အစ်ကို"

လိမ္မော်ရည်သောက်လျှင် ကောင်းမလားဟု သူစိတ်ကူးနေခိုက်တွင် တစ်ဖက်မှ...

"သံပရာရည် တစ်ခွက်"

ဟု လှမ်းမှာသံ ကြားရသောကြောင့် ညီညီ လှည့်ကြည့်လိုက်၏။ သူ၏ အဝါရောင် အိပ်မက်နုနုတွေ အကိုင်းအဖျားထိ ပွင့်ဖူးနေသော သစ်ပင်

mgyoe.com

mgyoe.com

ပေါက်စကလေးကို မြင်လိုက်ရလေသည်။

သူ့နှလုံးအိမ် အခန်းတစ်ခုလုံး အဝါရောင်ဝတ်မှုန်တွေ ပြည့်သိပ်ဖုံးသွား၏။ ကောင်းကင်သည် အဝါရောင်ဖြစ်၏။ ငှက်များသည် အဝါရောင်ဖြစ်၏။ ကင်တင်းစားသောက်ဆိုင်တန်းတစ်ခုလုံးသည် အဝါရောင်ဖြစ်၏။ သူမသည် အဝါရောင်ဖြစ်၏။

မြင်ကွင်းတစ်ခုလုံး အဝါရောင်ဝတ်မှုန်တွေ ဖြန့်ကြဲပက်ထားသလို ရီဝေမှုန်ဝါးလျက်...၊

သူ... တစ်ခုတည်းကိုသာ ရှင်းလင်းသဲကွဲစွာ မြင်ရ၏။

ရွှေရောင်လက်သည်းဆိုးဆေး ဆိုးထားသည့် လက်သန်းကလေးတစ်ချောင်း။

*

ညီညီက စားပွဲထိုးလေးကို လေသံခပ်တိုးတိုးဖြင့်...

"လိမ္မော်ရည် တစ်ပုလင်း"

သတိမပြုမိစေချင်ကာမှ ကောင်မလေးက လှည့်အကြည့်နှင့် ဆုံဖြစ်အောင် ဆုံသည်။ သူ့ကို မြင်သွား၏။ ဆတ်ခနဲ လှည့်ပြီး သူမ၏ ဘေးမှ ကြက်ခြေထောက်ကြီးကို တိုးတိုးပြောသည်။

ညီညီက... ကိုနန်းနွယ်ကို ကမန်းကတန်းလက်တို့လိုက်ပြီး...

"ကိုနန်းနွယ်၊ ဟိုမှာ... ဟိုဘက်ဝိုင်းမှာ... နေဦး ပြူးပြဲပြီး လှည့်မကြည့်လိုက်နဲ့ဦး၊ မသိမသာကြည့်"

ကိုနန်းနွယ်က မသိမသာ လှမ်းအကဲခတ်နေစဉ်မှာပင် စားပွဲထိုးကလေး ပြန်ရောက်လာသည်။ လက်ထဲတွင် တစ်ဖက်ဝိုင်းမှ မှာလိုက်သော သံပရာရည်တစ်ခွက်သာ ကိုင်လာ၏။ သူမှာသည့် လိမ္မော်ရည်ပုလင်း ပါမလာ... ညီညီက...

"ဟေ့ကောင်... လိမ္မော်ရည်ပါဆို... မပါလာဘူးလား"

"အောရင့်(ချ်) (လိမ္မော်) ပုလင်းကုန်နေတယ် အစ်ကို၊ စပါကလင်ဖြစ်ဖြစ်၊ ဖရူတိုဖြစ်ဖြစ် သောက်လိုက်ပါလား"

"ဟာကွာ...၊ မသောက်ချင်ဘူး။ ဟိုဘက်ဆိုင်ကမှာပေး"

mgyoe.com

mgyoe.com


"လုပ်ပါအစ်ကိုရာ...၊ ဟိုဘက်ကမှာပေးရင် ဒီဆိုင်ရှင်က ကျွန်တော်တို့ကို ဆူတတ်လို့ပါ၊ ရှိတာပဲ သောက်လိုက်ပါဗျာ"

စားပွဲထိုးလေးက အသံတိုးတိုးဖြင့် တောင်းပန်ရင်း ဟိုဘက်ဝိုင်းသို့ ပျာပျာသလဲ ကူးသွားပြီး သံပရာရည်ခွက်ကို ချပေးနေသည်။

ညီညီက စားပွဲထိုးလေးကိုကြည့်ပြီး သနားသွားမိသည်။ သို့သော်... တမင်တကာပင်။

"မရဘူးကွာ... ငါက အောရင့်(ချ်)မှ အောရင့်(ချ်)ပဲ၊ လိုချင်တာ၊ ဒီတစ်ခုပဲ၊ ငါက အောရင့်(ချ်) ကို အသေအလဲ ကြိုက်တာကွ"

တစ်ဖက်ဝိုင်းသို့ ရောက်နေသော စားပွဲထိုးကလေးကို လှမ်းအော်ပြော လိုက်သည်။

သူ့စကားကြောင့် ကောင်မလေးတွေ တစ်ချက် မျက်နှာပျက်သွားကြ သည်ကို မြင်ရ၏။ ဘာဖြစ်လို့ပါလိမ့်ဟု သူတွေးနေစဉ်မှာပင်...

အဝါရောင် ကောင်မလေးက ထိုင်နေရာမှ ဝုန်းခနဲ ထရပ်ပြီး သူ့ဆီ တည့်တည့်လျှောက်လာ၏။

"ရှင် ဘာစကားပြောတာလဲ၊ လူကို နောက်စရာများ မှတ်နေ လား"

သူ နားမလည်။ ကြောင်ငေးကြည့်နေမိသည်။

"ဗျာ... ကျွန်တော့်ကို ပြောတာလား"

"ရှင်... အူကြောင်ကြောင် လုပ်မနေနဲ့"

အဝါရောင်ကောင်မလေး၏ မျက်ဝန်းများက နေရောင်တွင် လက် သွားသော ဓားသန်လျက်တစ်စင်းလို သူ့ရင်ဘတ်ပေါ်ကို အရှိန်ပြင်းစွာ ထိုး စိုက်ကျလာ၏။

"ကျွန်တော် ခင်ဗျားကို ဘာနောက်မိလို့လဲ"

"ဘာ... စောစောက အောရင့်(ချ်)ကို အသေအလဲ ကြိုက်တယ် ဆိုတဲ့ စကားက ဘာစကားလဲ၊"

အဝါရောင်ကောင်မလေးက ဒေါသကြီးဖြင့် သူ့အင်္ကျီကော်လာစ ကို ဖြုန်းခနဲ ဆွဲကိုင်ခါယမ်းလိုက်၏။ သူ အံ့သြနေဆဲမှာပင် တစ်ဖက်ဝိုင်းမှ သူမ၏ သူငယ်ချင်းများက....

mgyoe.com

mgyoe.com


"ဟဲ့...၊ အောရင့်(ချ်)... နေဦး၊ အရမ်းမလုပ်နဲ့"

ရင်ထဲမှာ ရန့်တစ်ခု လင်းခနဲဖြစ်သွား၏။

သူမနာမည်.... အောရင့်(ချ်)

O..R..A..N..G..E...

စကားလုံးလေးများသည် ရွှေရောင်လင်းလက်တောက်ပ နွေးထွေးလျက် ရင်ထဲကို တစ်လုံးချင်း လိမ့်... လိမ့်... ကျ... ကျ... လာ၏။

ငါ့ အိပ်မက်များ၏ ဝိညာဉ်၊ ငါ့ရင်ခွင်၏ ဘုရင်မ၊ ငါ့ဘဝ၏ ဆောင်းရာသီ၊ ငါ့ဒဏ္ဍာရီ၏ နတ်သမီး၊ ငါ့ခရီး၏ အိုအေစစ်၊ ငါ့အချစ်၏ လိပ်ပြာ။

*

ကိုနန်းနွယ်က...

"မဟုတ်ပါဘူး၊ ခင်ဗျားကို နောက်တာ မဟုတ်ဘူး၊ ရိုးရိုးပြောတာ၊ လိမ္မော်ရည်မှာထားတာ အစောကြီးကတည်းကပါ၊ မယုံရင် စားပွဲထိုးကလေးကို မေးကြည့်"

"ဟုတ်ပါတယ်... တိုက်ဆိုင်သွားတာပါ၊ ခင်ဗျား နာမည်ကို ကျွန်တော် သိတောင် မသိပါဘူး"

အဲသည် အချိန်မှာတောင် စကြႅလမ်းအဆုံး လှေကားပုလေးမှ ကိုညွန့်လွင် ဆင်းလာသည်။ သူ့နောက်တွင်ပါလာသည့် ကိုထွန်းစန်းက...

"ဘာဖြစ်နေတာလဲ၊ ညီညီ၊ ဟာ... အောရင့်(ချ်)"

ကိုထွန်းစန်းကို မြင်သောအခါ ကောင်မလေးက နည်းနည်း ဒေါသအရှိန်လျော့ကျသွား၏။ သို့သော် အသက်ရှူသံက ပြင်းထန်နေဆဲပင် ရှိသေးသည်။

သူအင်္ကျီကော်လာစကို ဆုပ်ကိုင်ထားလျက်သား...

လူချင်းနီးနီးကပ်ကပ်ရပ်နေရသောကြောင့် သူမ၏ ထွက်သက်လေငွေ့နွေးနွေးက သူ့ပါးပြင်ကို လာလာထိခတ်သည်။

သူတစ်ကိုယ်လုံး နွေးထွေးလာသလို ခံစားရလေသည်။

*

mgyoe.com

"ညီမ သိပ်ဒေါသမကြီးပါနဲ့ကွာ...၊ အစ်ကိုပြောတာ နားထောင်ပါ၊ အေးအေးဆေးဆေးပြော... ဟုတ်လား"

"ဒါ... အစ်ကို့သူငယ်ချင်းပဲ၊ သူ့နာမည်က ချမ်းမြေ့ညီညီတဲ့"

ကိုထွန်းစန်းဝင်ပြောသောကြောင့် သူမက အင်္ကျီကော်လာစကို ဆုပ်ကိုင်ထားရာမှ လွှတ်လိုက်၏။

"အစ်ကို့သူငယ်ချင်းက ကျွန်မတို့ကို လာလာနှောက်နေတာကိုး၊ မနေ့ကလည်း တစ်ခါ...၊ အကြောင်းရိုက်ပြီး ခင်စံပယ်လှိုင့်ထီးကို ယူမလို့"

"မဟုတ်ပါဘူး၊ မနေ့ကတော့ ဒီကောင်ညွှန့်လွင် အူကြောင်ကြောင် လျှောက်လုပ်လို့ တလွဲတွေ ဖြစ်ကုန်တာပါ၊ ဟော့ကောင်ညီညီ ရှင်းပြလိုက်လေကွာ"

ညီညီက အောရင့်(ချ်) ကို တစ်ချက်လှမ်းကြည့်သည်။ သူမက မျက်နှာလွှဲထား၏။

သူမ၏ နဖူးဆံစပေါ် နေရောင်ခြည်အလင်းတန်း ကျနေပုံမှာ ပုလဲဥနှင်းပေါက်ကလေး လက်ပနေသည်နှင့် တူ၏။ နှုတ်ခမ်းမှာ နံ့သာပါးပါးခြယ်ထားသည်။ မိုးသက်လေပြည်ထဲမှာ ဆံနွယ်တွေ တလွင့်လွင့်။

အဝါရောင် လက်ပြတ်အင်္ကျီကြောင့် လက်မောင်းသွယ်သွယ်နွဲ့နွဲ့တို့၏ အပြစ်ကင်းစင်သော အလှကို မြင်ရ၏။ အသာတစောင်း၊ ရွှေလက်မောင်းကို၊ ပျောင်းပျောင်းနွဲ့နွဲ့၊ မိုကာတွဲ... ဟူသော ပျို့လင်္ကာတစ်ပိုဒ်ကို စိတ်ထဲက ရွတ်မိလေသည်။

အဝါရောင် အင်္ကျီ၏ ပခုံးစွန်းပေါ်တွင် ရွှေရောင်ဖဲကြိုးလေးတစ်စ ချည်ထား၏။

သူရှင်းပြနေစဉ် တစ်လျှောက်လုံး ကောင်မလေးက ခေါင်းလည်း မညိတ်၊ ခေါင်းလည်း မခါ။ မျက်နှာလွှဲလျက်သား အနေအထားဖြင့် ဂရိတ်နတ်ဘုရားမကျောက်ဆစ်ရုပ်တုတစ်ခုလို လှပကျက်သရေရှိစွာ ငြိမ်သက်နေ၏။

သူ့စကားဆုံးသွားသောအခါ အရာရာသည် တိတ်ဆိတ်လွန်းစွာ ကျန်ရစ်ခဲ့သည်။

mgyoe.com

mgyoe.com

သူမက ညီညီနှင့် မျက်လုံးချင်းတည့်တည့်ဆိုင်ကာ စူးစူးရဲရဲ ကြည့်လိုက်၏။ နောက်…

"ဆောရီး"

ဟု တစ်ခွန်းတည်းပြောပြီး လှည့်ထွက်သွားသည်။

သူ… ပြုံးမိ၏။

ချစ်တတ်သူ တစ်ယောက်၏ ရင်ဘတ်ထဲမှာ အပြစ်များကို မှတ်သားဖို့ရာ ခွေးရေပုရပိုဒ် မရှိသောကြောင့်…. တောင်းပန်ဖို့ မလိုအပ်သည့် အကြောင်း တစ်နေ့နေ့တွင် သူမကို ပြောပြရပါဦးမည်။

❒

mgyoe.com

mgyoe.com

# အခန်း(၄)

အချစ်ရဲ့ ကျေးဇူးတော်ဂုဏ်တော်ကို ထင်ရှားစေခြင်းငှာ ဒီည... မင်း ငါ့ကို အိပ်မက် မက်ပါလားကွယ်။

မင်းဟာ... ငါ ရှာဖွေတွေ့ရှိထားတဲ့

ကမ္ဘာမြေ အသစ်တစ်ခု ဖြစ်တယ်...။

ပြီးတော့...၊ မင်းဟာ အရဏ်တက်ချိန်တစ်ခုလို စောင့်မျှော်ကြည့်ရှုချင်စရာ ကောင်းလောက်အောင် လှပနေသူလည်း ဖြစ်လေရဲ့။

မင်းဟာ... နတ်သမီးတွေရဲ့ သီချင်းလို အပြစ်ကင်းစွာ လှပတယ်။

မင်းဟာ.. နှင်းဆီခင်းနဲ့ လင်းတဲ့ မီးလျှံလို လင်းလက် မွေးပျံ့စွာ လှပတယ်။

မင်းဟာ... စမ်းချောင်းထဲ စီးမျောနေတဲ့ ပန်းပွင့်တစ်ပွင့်ရဲ့ နူးညံ့လွတ်လပ်မှုမျိုးနဲ့... လှပတယ်။

ငါရဲ့ မျက်စိဟာ မင်းကို ကြည့်ခြင်းမှာ မရောင့်ရဲနိုင်တဲ့အထိ လှပတယ်။ အရာရာကို နေသားတကျ စီစဉ်ချင်တဲ့ စိတ်ကူးယဉ် အနာဂတ်တစ်ခုလုံး ပုံပြီး မင်းကို ယုံယုံကြည်ကြည် ချစ်မိတာပါ၊ မလျှောင်လိုက်ပါနဲ့...

ဒီကောင် ချစ်ခဲ့ပါတယ်။

*

mgyoe.com

နံနက်ခင်းက သူ့မျက်ခွံများကို နမ်းလိုက်သည်။

သူ... အိပ်ရာက နိုးလာ၏။ နိုး... နိုးချင်း...

"ဒီနေ့... ချစ်သူ ခလုတ်မထိ ဆူးမငြိပါစေနှင့်"

ဟု ဆုတောင်းလိုက်သည်။

သူမနှင့် စတင်တွေ့ဆုံသည့်နေ့မှစ၍ နံနက်တိုင်း နံနက်တိုင်းမှာ အိပ်ရာက နိုးနိုးချင်း အဲသည်လို ဆုတောင်းတတ်လာခဲ့ခြင်းဖြစ်၏။

*

"ကိုထွန်းစန်း၊ ကျွန်တော့်ကို ခေါ်ခိုင်းလိုက်တယ်ဆို... ကိစ္စရှိလို့လား"

ကိုထွန်းစန်းက သူ့စာအုပ်များကို လွယ်အိတ်ထဲ ထိုးထည့်ရင်း

"ထွေထွေထူးထူး ကိစ္စတော့ မဟုတ်ပါဘူး၊ မင်းနဲ့ အောရင့်(ချ်) ကို အေးအေးဆေးဆေး စကားပြောလို့ရအောင် ဆုံပေးမလို့၊ ဟိုနေ့က ပြဿနာတက်ပြီး ဝုန်းဒိုင်းကြဲနေတော့ ငါက မင်းတို့ချင်း ရင်းနှီးအောင် ဘယ်လိုမှ ဝင်ပြောပေးလို့မရဘူး ဖြစ်သွားတာ"

ညီညီက ခေါင်းညိတ်လိုက်၏။ ဆံပင်တွေက မျက်နှာပေါ် အုပ်ကျလာသောကြောင့် လက်ဖြင့် ပြန်ပင့်သပ်တင်လိုက်ရသည်။

ကိုထွန်းစန်းက လွယ်အိတ်ကို နေသားတကျ ဖြစ်အောင် လွယ်လိုက်ပြီး ပုဆိုးကို ပြင်ဝတ်သည်။ နောက်... လက်ထဲမှ ကွမ်းထုပ်ကို ညီညီ့ဘက်သို့ လှမ်းပေးရင်း...

"ရော့...၊ ကွမ်းစားဦးလေ"

သူခေါင်းခါပြလိုက်၏။

"ကျွန်တော် ကွမ်းမစားတော့ဘူး၊ ဖြတ်လိုက်ပြီ"

မင်း... ငကြောင်ပဲဟု ကိုထွန်းစန်းကပြောကာ ရယ်၏။ သူ ဘာမှ စကားမတုံ့ပြန်ဖြစ်။

စာသင်ခန်းတွေရှိရာ ပထမထပ်စင်္ကြံမှ ငုံ့ကြည့်သောအခါ တခြားအဆောင်များ၏ ခေါင်မိုးတွေကို မြင်ရ၏။

အမြင့်မှနေ၍ တခြားအဆောက်အအုံများ၏ ခေါင်မိုးကို ငုံ့ကြည့်ရ

mgype.com

mgyoe.com


သည်မှာ အရသာတစ်မျိုးရှိသည်ဟု ခံစားရ၏။

ဟိုး... ခပ်လှမ်းလှမ်းမှာ ဂျပ်ဆင်အဆောက်အအုံ မှိုင်းပျပျကို မြင်ရသည်။ ရွှေဘိုဆောင်ရှေ့က ကံ့ကော်ပင်တွေ မုတ်သုံလေထဲမှာ ညင်ညင်သာသာ လှုပ်ယိမ်းနေ၏။

"အောရင့်(ချ်)က ဗေဒင်ကို တော်တော်ဝါသနာပါသလား ကိုထွန်းစန်း"

သူက စကား အဆက်အစပ် မရှိဘဲ ကောက်ကာငင်ကာ မေးလိုက်သောကြောင့် ကိုထွန်းစန်းက ဖျတ်ခနဲ လှည့်ကြည့်၏။

ချက်ချင်းမဖြေ။

လက်ထဲမှ ကွမ်းထုပ်ကို ဖြေကာ ကွမ်းတစ်ယာကို ပါးစပ်ထဲ ထည့်လိုက်ပြီး ပါးစောင်ထောင့်မှာ ငုံသည်။ နောက်...

"အင်း... ဗေဒင်တွက်ရုံ၊ ဗေဒင်မေးရုံသက်သက် ခပ်ပေါ့ပေါ့ ဝါသနာ ပါတာတော့ မဟုတ်ဘူး၊ ဒါကို ပညာရပ်တစ်ခုအနေနဲ့ကို လေးလေးနက်နက် လေ့လာထားတာကွ"

အပျော်သဘောနဲ့သာ သူငယ်ချင်းတွေကို ဗေဒင်တွက်ပေးနေတာ... တကယ့် သူ့ရည်ရွယ်ချက်က ဗေဒင်ဟောစားဖို့ မဟုတ်ဘူး။

ဗေဒင်ပညာကို သင်္ချာတို့၊ ယုတ္တိဗေဒတို့ဆိုတဲ့ ပညာရပ်တွေထက် ပိုကျယ်ပြန့်တယ်၊ စနစ်ကျတယ်လို့ ယုံကြည်ပြီး လေ့လာနေတာ... တကယ်ပြောတာ။

ပြီးခဲ့တဲ့ နှစ်တုန်းက အနောက်ပစိဖိတ်တက္ကသိုလ်ကို သူစာတမ်းတစ်ခုတင်ဖို့ ကြိုးစားသေးတယ်ကွ၊ ခေါင်းစဉ်က 'မြန်မာ လူ့အဖွဲ့အစည်းနှင့် နက္ခတ္တဗေဒအမြင်' လား... အင်း၊ အဲဒီ သဘောမျိုးပဲ။

"အဲဒါ တင်ဖြစ်သလားတော့ မသိဘူး၊ ရေးနေတာတော့တွေ့တာပဲ"

သူ မယုံကြည်ချင်သလို ခံစားရသည်။

အဲသည်လို ခိုင်မာတောက်ပမှုမျိုးက သူ့အသိအာရုံနှင့် စိမ်းနေသောကြောင့် ဖြစ်ပေလိမ့်မည်။ သူ မကြားဖူး၊ မကြုံဖူးသောကိစ္စမို့ စိတ်ထဲတစ်မျိုးဖြစ်မိ၏။

သူမ၏ နာမည်နာမကို လေးလေးစားစား ရင်ထဲက ရွတ်ဆိုမိလေ

mgyoe.com

သည်။

တစ်ဆစ်ချိုးလှေကားကို ကွေ့ဆင်းလာခဲ့သည်။ စင်္ကြံပေါ်မှာ လူရှင်းနေ၏။

"မြန်မြန်လာကွာ၊ ဟိုမှာ ညွန့်လွင်နဲ့ နန်းနွယ် စောင့်နေလိမ့်မယ်၊ မင်း တစ်ယောက်တည်းဆို ကြောင်တောင်တောင် ဖြစ်နေမှာစိုးလို့ ဒီကောင်တွေကိုပါ ခေါ်ထားတာ"

ညွန့်လွင်... ဟူသည့် အမည်နာမကြောင့် ဆတ်ခနဲ တုန်လှုပ်သွားမိ၏။

ကိုထွန်းစန်းက လွယ်အိတ်ထဲမှ လက်ကိုင်ပဝါကို ဆွဲထုတ်ပြီး သူ့ကို လှမ်းပေးသည်။ ညီညီ... ကြောင်နေ၏။

"ရော့... လက်ကိုင်ပဝါ"

"ဘာလုပ်ဖို့လဲ... ကိုထွန်းစန်း"

"သုတ်ဖို့...၊ မင်း ချွေးတွေပြန်နေတယ်"

ကိုထွန်းစန်းပြောလိုက်မှ အောရင့်(ချ်)နှင့် တွေ့ရမည်ကို ကြောက်သလိုလိုဖြစ်နေမှန်း ကိုယ့်ဘာသာကိုယ် ပြန်ပြီး သတိထားမိ၏။

သူတို့နှစ်ယောက် ကင်တင်းသို့ ရောက်သွားသောအခါ ကိုညွန့်လွင်နှင့် ကိုနန်းနွယ်တို့ ရောက်နှင့်နေသည်ကို တွေ့ရ၏။ အောရင့်(ချ်)၊ ခင်စံပယ်လှိုင်တို့နှင့်အတူ လေးယောက်သား ခေါင်းချင်းဆိုင်ကာ တတွတ်တွတ် ပြောနေကြသည်။ ကိုညွန့်လွင်က...

"လုပ်စမ်းပါဟ...၊ ငါ့ကို ဗေဒင်လေး ဘာလေး တွက်ပေးစမ်းပါ"

"အခုတစ်လော ကံဇာတာနိမ့်နေတယ် ထင်တယ်၊ ငါလုပ်လိုက်သမျှ အလွဲလွဲအချော်ချော်တွေချည်းပဲ"

"ဘယ်တုန်းကမှ မလွဲတာမရှိဘူးလို့လည်း ပြောစမ်းပါဦး၊ အမြဲတမ်း ဒီအတိုင်းချည်းပဲ မဟုတ်လား"

သူတို့နှစ်ယောက်ကို မြင်သွားသောအခါ နန်းနွယ်က လှမ်းခေါ်သည်။ ကိုထွန်းစန်းက ညီညီ့လက်ကိုဆွဲပြီး ထိုင်ခိုင်း၏။

အောရင့်(ချ်)က တစ်ချက်မော့ကြည့်သည်။ ညီညီ့ကို မြင်သွားသော

mgyoe.com

mgyoe.com


အခါ ခေါင်းပြန်ငုံ့ပြီး စာရွက်ပေါ်တွင် တွက်ချက်ရေးခြစ်နေ၏။ ခဏကြာပြီးနောက်... သူမက ခေါင်းပြန်မော့ပြီး...

"အင်း... ကိုညွန့်လွင်က ဘင်္ဂဖွားပဲ"

"လူတိုင်း... ဖင်ကပဲ ဖွားကြတာပါပဲဟယ်၊ နင်က ငါ့ကျမှ အဲသလိုပြောတော့... ရက်စရာကြီး"

ကောင်မလေး စိတ်တိုသွား၏။ မျက်စောင်းတစ်ချက် ထိုးလိုက်ပြီး...

"ဘာတွေ လျှောက်ပြောနေတာလဲ၊ ဒီမှာ မဟာဘုတ်တိုင်ထဲက ပုတိဖွား၊ ဘင်္ဂဖွား၊ အဓိပတိဖွား... ဆိုတာကို ပြောနေတာ၊ အင်း... စန်းယှဉ်နေတဲ့ နက္ခတ်က မိဂသီ... ဆိုတော့"

"မိဂသီဆိုတာ အကြောပြေလိမ်းဆေးလား"

"ကြယ်သုံးလုံးပါတဲ့ ကြယ်စုကိုပြောတာ၊ လိပ်ခေါင်းပုံသဏ္ဍာန်ရှိတယ်"

"ဟာ... ငါ လိပ်ခေါင်းရောဂါ ဖြစ်ဖြစ်နေတာကြောင့်လား မသိဘူး"

"ရာသီခွင်ထဲမှာတော့ လဂ်က 'မနုလဂ်' ပဲ"

"အနူလက်... ဟုတ်လား၊ တော်တော်ရွံစရာကောင်းမှာပဲနော်"

"တော်ပြီ၊ တော်ပြီ၊ ကိုညွန့်လွင် အဲဒီလိုပေါက်ကရတွေ လျှောက်ပြောနေရင် ကျွန်မ မဟောတော့ဘူး"

ဟု ကောင်မလေးက စိတ်ဆိုးမာန်ဆိုး ပြော၏။

"အလကား စတာပါဟာ၊ နင်ကလည်း စိတ်မဆိုးပါနဲ့"

"ဆိုးမှာပဲ"

သူမက အောက်နှုတ်ခမ်းကို ဖွဖွလေးကိုက်ရင်း မျက်နှာကို ပုပ်ထားသည်။ ကလေးလေးတစ်ယောက်နှင့် တူနေ၏။

သူမကို ကြည့်ရင်း ညီညီ ရယ်ချင်လာသည်။

ကိုထွန်းစန်းက

"ညီမ... အောရင့်(ချ်)"

အသံပျော့ပျော့လေးနှင့် ခေါ်လိုက်၏။ ကောင်မလေးက

"ဘာလဲ"

mgyoe.com

mgyoe.com

"ဒီမှာ... ငါ့သူငယ်ချင်း ဗေဒင်ကြည့်ချင်လို့တဲ့၊ တွက်ပေးစမ်းပါ"

ကိုထွန်းစန်းကပြောရင်း ညီညီဘက်လှည့်ကာ မျက်စိတစ်ဖက် မှိတ်ပြသည်။ ကံဆိုးချင်တော့ အောရင့်(ချ်)က မြင်သွား၏။

ညီညီက မအောင့်နိုင်တော့သောကြောင့် ခစ်ခနဲ ရယ်လိုက်မိ၏။ ကောင်မလေး စိတ်ဆိုးသွားပြီး...

"သူ့ကို ဘာမှတောင် တွက်နေစရာ မလိုဘူး။ အင်္ဂရုပ်ကြည့်ပြီး ဟောလို့ရတယ်၊ မျက်နှာက မျက်နှာရူး..."

ညီညီ ရင်ထဲ အောင့်သွား၏။ ကောင်မလေးက

"မျက်လုံးက သူခိုးမျက်လုံး၊ အရက်ခိုးကလည်း ဝေနေသေးတယ်။ ရုပ်က ဓားပြရုပ်၊ မေးရိုးက အနုကြမ်းစီးမယ့် လက္ခဏာ၊ အသံက ပြာတာတာ အက်တက်တက်နဲ့၊ နှုတ်ခမ်းက ထူထူပိန်းပိန်း တဏှာကြီးမယ့်ပုံမျိုး၊ မုဒိမ်းသမားဖြစ်ဖို့ အလားအလာရှိတယ်၊ နောက်ပြီးတော့.... လက်က လူသတ်သမားလက်"

ရင့်ရင့်သီးသီး အပြောခံလိုက်ရသောကြောင့် ညီညီမျက်နှာပျက်သွားသည်။ ကိုညွန့်လွင်က သူ့ကို အားနာသွားပြီး ကမန်းကတန်း ဝင်ပြော၏။

"မဟုတ်ပါဘူးဟယ်၊ ငါ့သူငယ်ချင်းက လူရိုးလူကောင်းလေးပါ၊ အရက်ဆို အနံ့တောင်ခံတာ မဟုတ်ဘူး"

"နှာခေါင်းပိတ်ပြီး သောက်မှာပေါ့"

"တကယ်ပြောတာပါ၊ ငါ့သူငယ်ချင်းဟာ သူတော်ကောင်းလေး၊ မျိုးရိုးသန့်လေး၊ ဥပုသ်သည်လေး"

ညီညီက စိတ်နာကျင်သော မျက်လုံးများဖြင့် ကောင်မလေးကို အဆိပ်ရှိသော သတ္တဝါတစ်ကောင်ကို ကြည့်သလိုမျိုး တစ်ချက်လှမ်းကြည့်လိုက်သည်။ နောက်...

"နေပါစေ... ကိုညွန့်လွင်၊ သူပြောချင်တာ ပြောပါစေ၊ မျက်ရမ်းမှန်းဆပေါ့ဗျာ... လျှောက်ပြောတယ်ဆိုတာ လူတိုင်းပြောနိုင်ခွင့်ရှိတာပဲ"

တမင် ကြိုးစားလုပ်ယူထားရသည့် အေးစက်စက်လေသံဖြင့် ပြော

mgyoe.com

mgyoe.com


လိုက်၏။

ရုတ်တရက် တောင့်တင်းမာကျောသွားသည့် အခြေအနေဆိုးတစ်ခုကြောင့် အားလုံးအံ့အားသင့်ကာ တိတ်ဆိတ်ငြိမ်သက်နေမိကြ၏။

အဲသည်အချိန်တွင်မှ သူက အပြင်းထန်ဆုံးစကားလုံးကို သေသေချာချာ ရွေးချယ်ပြီး အတိအကျ ဖောက်ခွဲပစ်လိုက်သည်။

"ဗေဒင်က ကောင်းတယ်ပဲပြောပြော၊ ဆိုးတယ်ပဲပြောပြော ဘာကိုမှ ဂရုစိုက်စရာ မလိုဘူး၊ လူက ကိုယ့်တာဝန်ကိုယ်ယူဖို့ အဓိကပဲ... ဗေဒင်ဆိုတာ အလကားပါ"

ဒိုင်းခနဲ စားပွဲခုံကို လက်သီးဖြင့် ထုချလိုက်သံကို ကြားရသည်။ သူက မကြည့်။ အဝေးကို လှမ်းငေးနေလျက်သားက အေးအေးဆေးဆေး တစ်လုံးချင်း ပြောသည်။

"ဗေဒင်ဆိုတာ ကံကို မျက်စိမှိတ်ပြီး ယုံတဲ့ဝါဒ (Fatalism) က လာတာပဲ၊ လူညံ့တွေပဲ ကံကို ယုံတာ၊ လူတော်တွေက ကံကို ကိုယ်လိုချင်သလို ဖန်တီးယူတယ်၊ လူကော၊ ဘဝကော နှစ်ခုစလုံး ဟာ ပုံသေတွက်နည်းထဲမှာ နေထိုင်ကြတာ မဟုတ်ဘူး၊ ဒီတော့ မနက်ဖြန် ဘာဖြစ်မယ်ဆိုတာ ဗေဒင်က ကြိုသိနိုင်တယ်လို့ ထင်တဲ့ လူဟာ ရူးလို့ပေါ့"

"ရှင်... ကျွန်မကို လာရန်စနေတာလား"

အဝါရောင် လက်သန်းကလေးက ဒေါသဖြင့် တဆတ်ဆတ် တုန်ယင်နေသည်ကို ကြည့်ရင်း သူ ပျော်ရွှင်လာသလို ခံစားရ၏။

"မနက်ဖြန် ဘာဟင်းနဲ့ ထမင်းစားရမယ်ဆိုတာ... ဗေဒင်က သိနိုင်လို့လား"

"ရှင်... လွန်လာပြီနော်။ ဒါ... ပညာ၊ နားလည်လား၊ ဒါ... ပညာရပ်တစ်ခု၊ အပေါစား ခန့်မှန်းခြေ မဟုတ်ဘူး"

ခင်စံပယ်လှိုင်က ဟဲ့... ဟဲ့... ဟု ဆိုကာ အောရင့်(ချ်)၏ လက်ကို ဆွဲထား၍ တားသည်။ ကိုထွန်းစန်းက ဖျန်ဖြေပေးရန် မတ်တတ်ထရပ်၏။ သူက ကိုထွန်းစန်းကို အသာနေဟု လက်ကာပြထားလိုက်ရင်း တမင် ရိသဲ့သဲ့ လေသံဖြင့်...

mgyoe.com

mgyoe.com


"အင်း... ထားပါတော့၊ ဘောလုံးပွဲ အရှုံးအနိုင်လောက်ကော တွက်လို့ ရမလား၊ ဒါဆို... လောင်းကြည့်ကြရအောင်လေ၊ မင်း ပညာကို... မင်း ယုံရင် လောင်းရဲရမှာပေါ့။ ဒီည... အင်တာမီလန် နဲ့ လာဇီယိုပွဲရှိတယ်... လောင်းမလား"

"လောင်းမယ်"

"　"

"ရှင် မမိုက်ရိုင်းနဲ့နော်...."

"မဟုတ်ဘူးလေ၊ အင်တာမီလန်က အထက်ကြေးပေါက် တယ်၊ သရေအရှုံး၊ ကိုယ်က အင်တာမီလန်ဘက်က လောင်းမယ်၊ အဲဒါ ပြောတာ..."

အောရင့်(ချ်)၏ မျက်နှာက တည်သွားသည်။ တစ်စုံတစ်ရာကို စိတ်ဖြင့် တွက်ချက်နေသလို မျက်လုံးအစုံကို မှိတ်ကာ ငြိမ်သက်နေ၏။ ခဏအကြာတွင် အဖြေတစ်ခုကို တိတိကျကျ ပိုင်ပိုင်နိုင်နိုင် ရလိုက်ဟန်ဖြင့်...

"ကောင်းပြီ၊ ကျွန်မက လာဇီယိုဘက်ကနေမယ်"

သူမကိုယ် သူမ ယုံကြည်မှု အပြည့်အဝ ရှိသည့် မျက်ဝန်းများက တောက်ပနေကြ၏။ သူမက...

"ရှင်ရှုံးရင်... 'ဗေဒင်ပညာကို မစော်ကားတော့ပါဘူး' ဆိုတဲ့ စာတန်းကို လည်ပင်းမှာဆွဲပြီး ကင်တင်းမှာ တစ်နာရီတိတိ ထိုင်နေ ရမယ်၊ ဘယ့်နှယ်လဲ"

သူမ လေသံက အနိုင်ရဖို့ သေချာလွန်းနေသည့်အတွက်ကြောင့် ညီညီ တွေဝေသွား၏။ အင်း... ဒီလောင်းကြေးက ရှုံးရင်တော့ အရှက်ကွဲ မယ့် ကိစ္စပဲဟု တွေးလိုက်သည်။

သူစိတ်ထဲက ချိန်ဆကြည့်နေမိသည်။ အင်တာမီလန် အသင်းတွင် ရော်နယ်ဒို၊ ဘက်ဂီယိုနှင့် ဗီယာရီတို့ သုံးယောက်ပါ၏။ တိုက်စစ်အား ကောင်းမည်ဟု သူတွက်လိုက်၏။ နောက်ပြီး... ကန်မယ့်ကွင်းက အင်တာ မီလန်ကွင်း။ အင်း... အနည်းဆုံး တစ်ဂိုးတော့ သွင်းမှာပဲ။ ငါ နိုင်မှာပါဟု တွေးရင်း...

"အိုကေ... သဘောတူတယ်၊ ကိုယ်နိုင်ရင်ကော... လောင်း

mgyoe.com

mgyoe.com


ကြေးက ဘာရမှာလဲ”

“ရှင်... ဘာလိုချင်သလဲ”

သူမ၏ မျက်ဝန်းတွေသည် လှပနူးညံ့စွာ ရက်စက်တော့မည့် မုန်တိုင်းတစ်ခု ဖြစ်မှန်း ညီညီ နားလည်လိုက်၏။

မုန်တိုင်းတွေ ကမယ့်လမ်းမှာ ငါ့ဘဝရဲ့ တစ်ခြမ်းကို ဖြန့်ခင်းပေးထားလိုက်ပါတယ် ချစ်သူရယ်...။ နင်းသွားပါ။ မင်းခြေဖဝါးတွေရဲ့ ဂုဏ်ကျေးဇူးကို ငါ မမေ့မလျော့တတ်စေခြင်းငှာ... ငါ့ကိုသာ နင်းသွားပါတော့ ချစ်သူရယ်....။

နိဒါန်းတွေ မပြီးအက်ခင်ကတည်းက စိုလက်သောအကြည့်များနှင့် ဝေးကြရတော့မည်လား။ ရီဝေညို့မှိုင်းသည့် ညနေခင်းတွေထဲမှာ ရင်ခုန်သံတွေကို ထားရစ်ခဲ့ရတော့မည်လား။

အသက်ကို နာကျင်ခါးသီးစွာ ရှူသွင်းလိုက်သောအခါ ကံ့ကော်ဝတ်မှုန် ဝါဝါတွေ၏ ရနံ့သင်းပျံ့လာသည်ဟု ထင်မိသည်။

သူ... ဖြေလိုက်သည်။

“မင်းရဲ့ ဘယ်ဘက်လက်သန်းမှာ အမြဲတမ်းဆိုးတဲ့ လက်သည်းဆိုးဆေး ပုလင်းလေးကိုပဲ လိုချင်တယ်”

❐

mgyoe.com

mgyoe.com

# အခန်း (၅)

*ခြေစုံပစ်ပြီး ရင်ခုန်လိုက်တယ်...*
*(ကိုယ့်ကိုယ်ကိုယ်)*
*မရဏဖွားဖြစ်မှန်း မယုံကြည်လို့...*

သက်တံတစ်ခုကို ငေးကြည့်ခဲ့ဖူးသည့်အကြောင်း ကြေကွဲသွားသော အိပ်မက်ရုပ်အလောင်းများဖြင့်သာ အခိုင်အမာ သက်သေထူရပါတော့မည်။

သက်တံတစ်ခု ပျောက်ကွယ်သွားဖို့ အချိန် ဘယ်လောက်လိုသလဲ ဟု သူတွေးကြည့်နေမိသည်။ ရင်ခုန်သံ တစ်ချက်အကြာ... ဖြစ်နိုင်သည်။ သူမ၏ စားသန်လျက် မျက်ဝန်းတစ်ကြည့်စာဖြစ်နိုင်သည်။ လက်သန်း ကလေး တစ်ချောင်းစာ ဖြစ်နိုင်သည်။ ချစ်တတ်သူတစ်ယောက်၏ ဘဝ တစ်ခုလုံးစာ ဖြစ်နိုင်သည်။

အလင်းတည်နေတဲ့ နေရောင်ခြည် ပျောက်သွားတဲ့အခါ... ဒါမှ မဟုတ် မိုးစက်မှုန်ကလေးတွေ ကင်းစင်သွားတဲ့အခါ (အဲဒီ ရေမှုန်တွေ အပေါ်ကို နေရောင်ခြည် အလင်းရောင် ပြန်ဟပ်နေတဲ့) သက်တံကြီးလည်း ကွယ်ပျောက်သွားရတတ်တာမျိုး မဟုတ်လားဟု သူတွေးဖြစ်၏။

အဲသည်အချိန်သည်

mgyoe.com

လောင်းကစားပွဲတစ်ခုစာ အကြာမှာလည်း ဖြစ်နိုင်ပါသည်။

*

ဘောလုံးပွဲက သရေကျသွား၏။

သူ့သက်တံကြီးတစ်ခုလုံး ကွယ်ပျောက်မှောင်မိုက်သွားလေသည်။ သူ... ရှုံးနိမ့်သွားပြီ။

*

လည်ပင်းတွင် စာတန်းတစ်ခု ချိတ်ဆွဲလျက် ကင်တင်းတွင် ကြောင်တောင်တောင် ထိုင်နေသည့် ညီညီ့ကိုကြည့်ကာ တချို့က ပြုံးစေ့စေ့ လုပ်သွားကြသည်။ တချို့က အလကားကောင်ပါကွာ... လူကြည့်အောင် သက်သက် စတန့်ထွင်တာပါ... ဟု အထင်သေးစွာ ပြောသွားကြ၏။

ညီညီ ရှက်လာသည်။

*

တက္ကသိုလ်အသိုင်းအဝိုင်းက အခြားအသိုင်းဝိုင်းတွေနှင့် မတူ။ ကိုယ်ပညာရပ်နှင့်ကိုယ်... ကိုယ်နယ်ပယ်နှင့်ကိုယ်၊ ကိုယ်သိက္ခာနှင့်ကိုယ် ပြောမပြထားဘဲ အလိုလို နားလည်ကြ၊ သတ်မှတ်ထားကြသည့် စည်းကမ်းများ ရှိသည်။

ကိုယ် ခုံမင်လိုက်စားသည့် ပညာရပ်တစ်ခုခုနှင့် ပတ်သက်၍ ရူးသွပ်ခြင်းသည် တက္ကသိုလ်နယ်မြေထဲတွင် ဘာမှ ပြဿနာမရှိပါ။ အားလုံးက ကိုယ့်အလုပ်ကိုယ် လုပ်နေကြသည်။ ကိုယ့်အာရုံဝင်စားမှုနှင့် ကိုယ် မွေ့လျော်နေသောကြောင့် တစ်ယောက်နှင့် တစ်ယောက် အနှောင့်အယှက်မဖြစ်။

အခု... သူကတော့ မည်သည့်နယ်ပယ်ထဲမှာမှမပါ၊ အလကားသက်သက် အရူးထသလို ဖြစ်နေ၏။ သည်အသိုင်းအဝိုင်းထဲတွင် သူ့အပြုအမူသည် ဘာအဓိပ္ပာယ်မှ မရှိ... လေးနက်မှုမရှိ၊ သိက္ခာမရှိဟု ခံစားရသည်။

**လူတစ်ယောက်ရဲ့ အပြုအမူဟာ အဓိပ္ပာယ်မရှိရင်၊ လေးနက်တဲ့ ခံယူချက်မရှိရင်... အဲဒီလူဟာ သိက္ခာလည်းမရှိတော့ဘူး...**ဟု

mgyoe.com

**သူတွေးမိပြီး ရှက်လာ၏။**

လူတွေကို မျက်နှာချင်းဆိုင် မကြည့်ရဲသောကြောင့် ဟိုး... ခပ်ဝေးဝေးက သစ်ပင်တွေကို ငေးကြည့်နေလိုက်၏။ သစ်ရွက်တွေ အားလုံးစိမ်းနေသော်လည်း မျိုးမတူသည့် သစ်ပင်တွေမှာ သစ်ရွက်တွေ စိမ်းပုံချင်း မတူကြသည်ကို သူသတိထားမိလေသည်။

လူဆိုတာ... သစ်ရွက်တွေ စိမ်းသလိုမျိုး ကိုယ့်နည်းကိုယ့်ဟန်နဲ့ ကိုယ် မှန်ကန်နေနိုင်ခွင့် ရှိတာပဲ မဟုတ်လား... ကောင်မလေးရေ။

မင်း... မှန်ပါတယ်။

သူ့စားပွဲဘေးမှာ လူတစ်ယောက်လာရပ်မှန်း သတိထားမိလိုက်သောကြောင့် မော့ကြည့်လိုက်၏။ ကိုညွန့်လွင်၏ ပြုံးထေ့ထေ့မျက်နှာကို မြင်ရသည်။ ကိုညွန့်လွင်က... ဘယ့်နှယ်လဲ ဟူသည့် အမူအရာဖြင့် မေးငေါ့ပြ၏။ ညီညီက...

"ငိုတောင် ငိုချင်လာတယ်ဗျာ"

"ဘယ်သူဆုံးတယ်လို့ ကြားလို့လဲဟင်"

"အရေးထဲဗျာ... ခင်ဗျားက နောက်နေပြန်ပြီ" ဟု ညီညီက ညည်း၏။

ကိုညွန့်လွင်က အားရပါးရ ရယ်နေသည်။ သူစိတ်တိုလာပြီး

"မရယ်နဲ့ဗျာ"

ကိုညွန့်လွင်က မျက်နှာကို တမင်ခပ်မဲ့မဲ့ဖြစ်အောင် ကြိုးစားလုပ်ကြည့်ရင်း...

"အင်း... ငိုဖို့ကျတော့လည်း မလွယ်လှဘူးကွ" ဟု ပြောကာ ထပ်ရယ်ပြန်၏။

ထိုအချိန်တွင် ကိုထွန်းစန်း ရောက်လာ၏။ ညီညီ့လည်ပင်းမှ စာတန်းကို လူမမြင်အောင် မျက်နှာချင်းဆိုင်နေရာတွင် ကွယ်ပေးပြီး ဝင်ထိုင်သည်။ သူ... ကိုထွန်းစန်းကို ကျေးဇူးတင်မိသည်။

**လူတစ်ယောက်အတွက် ကြီးကျယ်ခမ်းနားသော ကျေးဇူးပြုမှုများ မလိုအပ်ပါ။ တစ်ခါတစ်ရံတွင် အဲသည်လို အသေးအဖွဲ ဂရုစိုက်မှုလေးတွေက ပိုပြီးစစ်မှန်၊ ပိုပြီးတန်ဖိုး ရှိတတ်လေသည်။**

mgyoe.com


ကိုထွန်းစန်းက လက်မှနာရီကို တစ်ချက်ကြည့်လိုက်ပြီး...

"နောက်... မိနစ် ၂၀ လောက်တော့ သည်းခံလိုက်ဦးကွာ၊ တစ်နာရီ ပြည့်တော့မှာပဲ"

"အောရင့်(ချ်)ကော... ကျွန်တော့်ကို လာကြည့်ဦးမှာလား"

ကိုထွန်းစန်းက သက်ပြင်းတစ်ချက်ချလိုက်ပြီး... ခပ်လေးလေး ပြောသည်။

"အင်း... လာမှာပေါ့၊ သူ့လောင်းကြေးကို သူလာယူမှာပေါ့"

"သူ... ကျွန်တော့်ကို လှောင်မှာပဲနော်... ကိုထွန်းစန်း"

ကိုထွန်းစန်းက အင်း...ဟု အသံရှည်ရှည်ဆွဲ၍ ခပ်ဆိုင်းဆိုင်းပြောသည်။

အနိုင်ယူသော မျက်ဝန်းများဖြင့် သူ့ကို တောက်ပစွာ စိုက်ကြည့်နေမည့် အဝါရောင်သစ်ပင်ကလေးကို စိတ်ထဲက မြင်ယောင်လာသည်။

သူမ၏ နှုတ်ခမ်းပေါ်မှာ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုအပြည့်ရှိတဲ့ အပြုံးတစ်ခုကိုလည်း ချိတ်ဆွဲတပ်ဆင်ထားမှာပေါ့လေ...။

ညီညို့ရင်ထဲမှာ မိုးသားတွေ ပြိုကျတော့မလို မှုန်မှိုင်းအုံ့မှောင်လာ၏။ သူက စိတ်မရှည်စွာဖြင့်...

"ကဲ... လာရင်လည်း မြန်မြန်လာတော့လေဗျာ၊ ဒုက္ခအလာကို စောင့်ဆိုင်းနေရတဲ့ စိတ်ဝန်ထုပ်ဝန်ပိုးက တကယ့်ဒုက္ခထက် ပိုလေးတယ်။ ရှောင်လွှဲလို့မရတာ သေချာနေမှတော့ အဲဒီဒုက္ခကို မြန်မြန် ရင်ဆိုင်ပစ်လိုက်ချင်စိတ် ပေါ်လာပြီ"

ကိုထွန်းစန်းက သူ့ကို စာနာတတ်စွာစိုက်ကြည့်ရင်း...

"လာတော့မှာပါ၊ အခုလေးတင် အတန်းလွှတ်လို့ ငါထွက်လာတာ...၊ အခန်းဝမှာ သူရယ်၊ ကြက်ခြေထောက်ရယ်၊ အေးစန္ဒာလို့ခေါ်တဲ့ တစ်ယောက်ရယ်... ဘာလုပ်နေကြတာလဲတော့ မသိဘူး၊ တွေ့တော့တွေ့ခဲ့တာပဲ၊ သူတို့နောက်က လိုက်လာလိမ့်မယ်ထင်တယ်"

စကြံလမ်းအဆုံးဆီ နောက်ပြန်လှည့်ကြည့်ရင်း ပြော၏။ ထို့နောက်.... ညည်းညူလိုက်သံဖြင့်...

mgyoe.com

"မင်းကွာ... သူ အလေးအနက်ထားတဲ့ ပညာကိုမှ သွားပြီး အလောင်းအစား လုပ်ရတယ်လို့၊ စော်ကားသလို ဖြစ်သွားတာပေါ့"

"မဟုတ်ဘူး... ကိုထွန်းစန်းရဲ့၊ စော်ကားတာ မဟုတ်ဘူး၊ ကျွန်တော့်ကို ယုံပါဗျာ၊ ကျွန်တော် ရည်ရွယ်တာက... ဒီပညာဟာ တကယ်တမ်း လူ့ဘဝထဲက ကိစ္စတွေကို ဖြေရှင်းလို့ မရဘူးဆိုတာ သိစေချင်တာ တစ်ခုပဲ"

"သိပ်ယုံကြည်စိတ်ချလောက်စရာမရှိတဲ့ ပညာရပ်တစ်ခုကို လေ့လာရင်း သူ့ဘဝတစ်ခုလုံး အချိန်ကုန် မသွားစေချင်ဘူး၊ အဲဒါကြောင့် တမင် သူမခံချင်အောင် ပြောပြီး အလောင်းအစားလုပ်လိုက်တာ၊ အဲဒါ... ကျွန်တော် မှားလား"

"မင်းကို ငါယုံပါတယ်ကွာ၊ ဒါပေမဲ့ ပြဿနာက... မင်းရဲ့ ကံကြမ္မာဆိုတာကို ခံယူပုံအမြင်နဲ့ အောရင့်(ချ်)ရဲ့ အမြင်မတူဘူး။ ပြဿနာက... ဒါပဲ၊ မင်း ခံယူချက်ကို သူ့ရင်ထဲ အတင်းအဓမ္မ သွင်းပေးလို့ မရဘူးလေကွာ"

သူခေါင်းညိတ်၏။

ကိုထွန်းစန်းက ဟိုး... အဝေးကောင်းကင်မှ တိမ်တိုက်တွေကို ငေးကြည့်ရင်း လေးလေးတွဲ့တွဲ့ ပြောသည်။

"လူဆိုတာ ကိုယ်ကြိုက်တဲ့ အယူအဆကို လွတ်လွတ် လပ်လပ် ယုံကြည်ခွင့် ရှိတယ် မဟုတ်လား"

*

ဘယ်သူဟာ အမှောင်ထုထဲက လွတ်လပ်ခဲ့ပါသလဲ...။

အနည်းဆုံးတော့ မင်းဟာ တစ္ဆေသရဲကို ယုံကြည်နိုင်တယ်။ အနည်းဆုံးတော့... မင်းဟာ အမှန်တရားကို ယုံကြည်နိုင်တယ်။ အနည်းဆုံးတော့... မင်းဟာ အချိန်နာရီတွေကို ယုံကြည်နိုင်တယ်။ အနည်းဆုံးတော့... မင်းဟာ ရီလေတစ်ဗတီသီအိုရီကို ယုံကြည်နိုင်တယ်။ အနည်းဆုံးတော့ မင်းဟာ သစ္စာလေးပါးကို ယုံကြည်နိုင်တယ်။

ဆန္ဒရှိရင်... ကမ္ဘာကြီးဟာ အပြားကြီးပါလို့လည်း ယုံကြည်နိုင်ခွင့်

mgyoe.com

mgyoe.com


ရှိပါတယ်။ ဒါပေမဲ့...

ငါ့ရဲ့ ချစ်လှစွာသော ဗေဒင်ဆရာမလေးရေ...၊

ငါတို့ရဲ့ ကံကြမ္မာတွေကို ချုပ်ကိုင်ခြယ်လှယ်ထားတဲ့ တန်ခိုးရှင် တစ်ပါးပါး ရှိတယ်လို့တော့ ဘယ်နည်းနဲ့မှ မယုံကြည်ပါနဲ့။

ကျေးဇူးပြုပြီး... လွတ်လပ်ကြည့်လိုက်စမ်းပါ။ အဝါရောင် လက်သန်းကလေးရယ်။

*

"၁၅ မိနစ်တောင် ရှိသွားပြီ၊ အောရင့်(ချ်)တို့ ခုထိမလာသေးဘူး၊ ဘာဖြစ်နေသလဲ မသိဘူး ကိုထွန်းစန်း"

ညွန့်လွင်က သူ့ကို နားမလည်သလို ကြည့်ရင်း...

"မလာလေကောင်းလေပေါ့ကွ။ ဟော... အခုအချိန်ဆေ့တော့ မယ်၊ နည်းနည်းလေးပဲ လိုတော့တယ်... ပြီးရင် မင်းလည်ပင်းက စာတန်းကြီး ဖြုတ်ပစ်လိုက်လို့ရပြီ၊ သူတို့ရောက်လာတော့ မင်းကို လှောင်လို့ မရတော့ဘူးပေါ့"

ဟုတ်သားပဲ... ဟု သူတွေးမိသည်။ မလာလေကောင်းလေပေါ့။ ထိုသို့ တွေးကြည့်လိုက်သော်လည်း သူ့ရင်ထဲမှာ ပေါ့မသွား။

သူတစ်ခုခုတော့ ဖြစ်နေပြီထင်တယ်ဟူသည့် အတွေးဖြင့်သာ ပူလောင်နေသည်။

သူမလို စိတ်ဓာတ်ပြင်းထန်ပြီး မာနကြီးသည့် မိန်းမတစ်ယောက် အနေဖြင့် သူ့ပညာရပ်ကို ဆော်ကားထားသော လူတစ်ယောက်အပေါ် အနိုင်ယူဖို့ မဖြစ်မနေ လာကိုလာမည်ဟု သူ့ရင်ဘတ်က သေသေချာချာ သိနေ၏။

အခု နောက်ဆုံးအချိန်ထိ ရောက်မလာဘူး ဆိုလျှင်တော့ တစ်ခုခု ဖြစ်နေသည်မှာ သေချာသလောက် ရှိ၏။

ရင်ထဲမှာ ပူပန်ကြောင့်ကြစိတ်တွေက အရိပ်လို အုံ့မှိုင်းညို့မှောင်လာကြသည်။

"ကိုထွန်းစန်း... စာသင်ခန်းထဲ ခဏလောက်သွားပြန် ကြည့်ပေးပါလား"

mgyoe.com

mgyoe.com


"ဟာ... ဟော့ကောင်... ညီညီ၊ မင်း ဘာဖြစ်နေတာလဲ"

ကိုညွှန့်လွင်က ဝင်ပြောသည်။

သူ မဖြေတတ်၊ သူ့ကိုယ်သူလည်း နားမလည်နိုင်အောင် ဖြစ်နေ၏။

"ခင်ဗျား မသိပါဘူး... ကိုညွှန့်လွင်ရာ၊ ခက်တယ်... ခံစားနေရတာကို ဘယ်လိုပြောရမလဲ၊ ပြောပြလို့မှ မရတာ"

"ပြောပြလို့ မရရင် ပုံနဲ့ ဆွဲပြပါလား"

"မနောက်နဲ့ဗျာ... ကိုညွှန့်လွင်၊ ကျွန်တော့်ရင်ထဲမှာ ဘာတွေရှိနေလဲ... ခင်ဗျား သိလား"

"ဘယ်သိမလဲ၊ ခွေးချေးတွေရှိရင် ရှိမှာပေါ့"

ကိုထွန်းစန်းက ရယ်သည်။

ထိုအချိန်မှာပင် စကြံအဆုံး လှေကားပုလေးပေါ်မှ ဆင်းလာသော အောရင့်(ချ်)ကို မြင်လိုက်ရ၏။ သူငယ်ချင်းနှစ်ယောက်က သူမကို တွဲလာသည်။

ဘုရားရေ၊ ဘာဖြစ်လို့ပါလိမ့်။

ညီညီထိုင်နေရာ စားပွဲဆီသို့ အောရင့်(ချ်)က မရောက်ရောက်အောင် လာဖို့ ကြိုးစားနေသည်။

ခင်စံပယ်လှိုင်နှင့် အေးစန္ဒာဟုခေါ်သည့် အခြားသူငယ်ချင်းတစ်ယောက်က သူမကို နီးရာခုံတစ်ခုံမှာ အတင်းထိုင်ခိုင်းနေ၏။

အောရင့်(ချ်)မျက်နှာတစ်ခုလုံး နီရဲနေသည်။ အသက်ရှူကျပ်နေပုံလည်း ပေါ်၏။

ညီညီက ထိုင်နေရာမှ ဝုန်းခနဲ ထရပ်ပြီး အောရင့်(ချ်)ဆီ ပြေးသွားသည်။

"ဘာဖြစ်လို့လဲဟင်...၊ ဘာဖြစ်လို့လဲ"

ကိုထွန်းစန်းကော ကိုညွှန့်လွင်ပါ ကြောင်ငေးနေရာမှ သတိရပြီး ပြေးလာကြ၏။ ခင်စံပယ်လှိုင်က...

"အလားဂျစ် (Alergic) ဓာတ်မတည့် ဖြစ်တာ၊ ခုနက ပြတင်းပေါက်ပေါင်မှာ သုတ်ထားတဲ့ သဘော်ဆေးတွေကို သွားကိုင်လိုက်မိလို့"

mgyoe.com

mgyoe.com


အောရင့်(ချ်)၏လက်ပြင်လက်မောင်း နှစ်ဖက်စလုံးမှာ အနီရောင် အကွက်အကွက်တွေ ပြည့်လုနီးပါး။ အဖုအပိမ့်တွေ ထနေသည်။ လည်ပင်း တစ်ဝိုက်မှာ ရဲရဲနီနေ၏။ ယားယံတိုင်း ပွတ်ရင်း၊ ကုတ်ရင်းနှင့် ပိုပိုဆိုးလာ သည်။

"ဟဲ့... ဘာမိတ္တွန် တစ်ပြားလောက် တိုက်လိုက်ပါလား"

"စောစောတုန်းက တိုက်ထားတယ်၊ ခုထိ မသက်သာသေး ဘူး"

"ညီမ... အောရင့်(ချ်)၊ အဖုအပိမ့်တွေကို လက်နဲ့မပွတ်နဲ့ ပိုဆိုး လာလိမ့်မယ်၊ ဟဲ့... မလုပ်နဲ့လေ"

သူမက စကားပြန်မပြောနိုင်။ ရင်ဘတ်တစ်ခုလုံး လှိုက်ကာ လှိုက် ကာ အသက်ရှူနေရသည်။ နှုတ်ခမ်းတွေ သွေ့ခြောက်နေသည်။ လည်တိုင် အစပ်မှ သွေးကြောကလေး တဆတ်ဆတ်ခုန်နေ၏။ တစ်ကိုယ်လုံး တုန်ယင် ပြီး ပြိုလဲတော့မလိုလို...၊ လက်ဆစ်ခြေဆစ်တွေကလည်း ကျိုးကျနေသည်ဟု ပင် ထင်ရသည်။

"ထုံးသွားယူ... ထုံးသွားယူ၊ အဖုအပိမ့်တွေကို ထုံးနဲ့ပွတ်ပေး လိုက်ရင် သက်သာတယ်"

ကိုထွန်းစန်းစကားကြောင့် ခင်စံပယ်လှိုင်က ကင်တင်းကွမ်းယာ ဆိုင်ကို လှမ်းကြည့်၏။ တစ်ဖက်မှာ အောရင့်(ချ်)ကို တွဲထားရသောကြောင့် လွှတ်ချထားပြီး ပြေးယူရမလိုလို... ကွမ်းယာဆိုင်ကို လှမ်းခေါ်ရမလိုလို ဖြစ်နေ၏။

ညီညီ ပြေးထွက်သွားသည်။

လည်ပင်းမှာ ဆိုင်းဘုတ်တန်းလန်းနှင့် ကင်တင်းကို ပြေးသွားနေ သော သူ့ကို အားလုံးက ဝိုင်းကြည့်နေကြ၏။ သူရှက်ဖို့ သတိမရ။

"မတုတ်... မတုတ်... ထုံး... ထုံး.... ထုံး... နည်းနည်း လောက်"

ထုံးတွေကို သူ့လက်ဖဝါးပေါ်မှာ အပုံလိုက်ကြီးသုတ်ပြီး ပြန်ပြေး လာသည်။

"လိမ်းပေးလိုက်... လိမ်းပေးလိုက်၊ အဖုတွေပေါ်ကို လိမ်း

mgyoe.com

mgyoe.com


ညာဘက်လက်မှာ ပိုများတယ်”

ခင်စံပယ်လှိုင်၏စကားကြောင့် သူ ယောင်နနဖြင့် လက်ဖဝါးပေါ်မှ ထုံးတွေကို လက်ညှိုးဖြင့်ကော်ပြီး အောရင့်(ချ်)၏ လက်မောင်းသားတစ်လျှောက် လိမ်းပေးရန် ဟန်ပြင်လိုက်သည်။ ခဏတွန့်ဆုတ်သွားမိ၏။ နောက်... စိတ်ကို တင်းပြီး အဝါရောင်လက်မောင်းကလေးကို တို့ထိလိုက်သည်။

လက်ဖျားမှာ နူးညံ့သော အထိအတွေ့ကို ရ၏။

*

သူ့တစ်ကိုယ်လုံး ပြဒါးရုပ်တစ်ခု ပြိုကွဲလွင့်စဉ်သွားသလို တစ်စစီ တစ်မှုန်စီ အစိတ်စိတ်အမြွှာမြွှာဖြစ်သွား၏။

စောစောက သောက်ထားသည့် ဆေးကြောင့်လား၊ ထုံးကြောင့်လား မသိ၊ အောရင့်(ချ်) အတော်သက်သာသွားသည်။

အခုမှ... အားလုံး ရယ်ရယ်မောမော ပြောနိုင်ဆိုနိုင်ဖြစ်လာကြ၏။ အောရင့်(ချ်)က...

“ကျေးဇူးပဲ”

ဟု အားလုံးကို ရည်ညွှန်းသလိုလို၊ ညီညီ့ကို ရည်ညွှန်းသလိုလို မပွင့်တပွင့် ပြော၏။ နောက်... မလုံမလဲဖြင့် ညီညီ့ဘက်ကို မျက်လုံးတစ်ဖက် စေ့ကြည့်လိုက်သည်။

ညီညီ၏လည်ပင်းမှာ ခုထိ တန်းလန်းချိတ်ဆွဲထားဆဲရှိသော ဆိုင်းဘုတ်ကို မြင်သွားပြီး...

အောရင့်(ချ်) ရုတ်တရက် ရယ်မိသည်။

အားလုံး၏အကြည့်က ညီညီ၏ ရင်ဘတ်ဆီ ရောက်လာသည်။ အခုမှ ရယ်ဖို့ သတိရကြပြီး... ‘ဝါးခနဲ’ ပြိုင်တူ ရယ်မိကြ၏။

ညီညီက ရှက်ကိုးရှက်ကန်းဖြင့် သူ့လည်ပင်းမှာ ချိတ်နေသည့် ဆိုင်းဘုတ်ကို ကမန်းကတန်း ဆွဲဖြုတ်ပြီး လွှင့်ပစ်လိုက်သည်။ အောရင့်(ချ်)က... လက်ကာပြ၍ တားဆီးရင်း...

“ဟင်... ရှင်... ရှင် မလုပ်...”

mgyoe.com

mgyoe.com


ညီညီက အေးဆေးပိုင်နိုင်စွာ ပြုံးလိုက်ရင်း သူ့လက်မှ နာရီကိုမြှောက်ကာ အောရင့်(ချ်) မြင်အောင် ပြလိုက်၏။

အချိန်စေ့သွားပြီ။

❐

mgyoe.com

mgyoe.com

## အခန်း(၆)

*အချစ်ဆိုတာ...*
*လိုချင်သလို ပုံသွင်းယူလို့ရတဲ့ ရွှံ့တုံးမဟုတ်ဘူး။*
*မျှော်လင့်စိုက်ပျိုးယူရတဲ့ သစ်ပင်တစ်ပင်ဖြစ်တယ်။*

နာကျင်တဲ့အခါ ပရုတ်ဆီ လိမ်းလိုက်တော့ ပူသလို နွေးသလိုနဲ့ ခဏတစ်ဖြုတ်တော့ အနာသက်သာသွားတယ် ထင်ရတာပေါ့။ တကယ်တော့ ပရုတ်ဆီဆိုတာ ဘာရောဂါကိုမှ ကျကျနန ပျောက်ကင်းသက်သာစေနိုင်တဲ့ ဆေးတော့ မဟုတ်ပါဘူး။

ပရုတ်ဆီဘူးလောက်မှ အသုံးမတည့်တဲ့ အဲဒီ "ကံကြမ္မာ" ဆိုတဲ့ စကားလုံးကြီး ထည့်ထည့်ပြောနေကြသူတွေကို ငါ မုန်းတယ်။

ချစ်သူရေ...။

မင်းနဲ့ငါ နှစ်ယောက်ပေါင်းပြီး အဲဒီ 'ကံကြမ္မာ' ဆိုတဲ့ အရာကြီးကို ဘောလုံးကန်ပစ်လိုက်ကြရအောင်။ ငါတို့ တစ်သင်းတည်းနဲ့ နှစ်ဖက်ခွဲပြီး ကန်ကြမယ်၊ ရှုံးပွဲ မရှိစေရဘူး ချစ်သူရယ်။

"ကောင်းကင်မှာ ကြယ်ဘယ်နှလုံးရှိသလဲ အောရင့်(ချ်)"
"မျက်စိနဲ့ မြင်နိုင်တဲ့ ကြယ်ပေါင်း ၆၉၇၄ လုံးတိတိ ရှိတယ်"

*

mgyoe.com

mgyoe.com


သမုဒယနှောင်ရစ်သော စကားတွေဖြင့် ငါ့နှလုံးသားကို အလွမ်းတွေ လှေနံဓားထစ် မသွားစေလိုပါ။ ခရမ်းပြာရောင်အထက်အောက် ဆင်တူ ဝတ်ထားသော ထိုမိန်းမသည် နှုတ်ခမ်းတွေကို အတိအကျစေ့ကာ ပြုံးပြ၏။

အဆုံးအစမရှိသော တစ်နေရာဆီမှ ပျံ့သန်းလာသည့် ရင်ခုန်သံသည် နှလုံးအိမ်ကို ရေဆန်တက်လာသည်။ သူမကို မကြာခဏ အိပ်မက် မက်မိကြောင်း ဖြောင့်ဆိုဝန်ခံချက်ပေးလိုပါသည်။

*

"အတိအကျပဲလား"

သူက မယုံသလို မေးလိုက်သည်။ အောရင့်(ချ်)က...

"တိကျတာပေါ့၊ နက္ခတ္တသိပ္ပံပညာရှင်တွေ ရေတွက်ထားတာပဲ၊ လူတွေ ထင်နေကြသလို မိုးပေါ်မှာ ကြယ်တွေ များလွန်းလို့ ရေတွက် မရနိုင်ဘူးဆိုတာ မဟုတ်ပါဘူး"

"အတောက်ပဆုံးကြယ်က အလုံး ၂၀ ပဲရှိတယ်၊ ဒုတိယ အတောက်ပဆုံးကြယ်က ၄၆ လုံး၊ တတိယအဆင့်က ၁၃၄ လုံး၊ စတုတ္ထအဆင့်က ၄၅၈ လုံး၊ ပဥ္စမအဆင့်က ၁၄၇၆ လုံးရှိတယ်"

"မျက်စိနဲ့ မြင်ရတယ်ဆိုရုံလောက်ပဲရှိတဲ့ အမှောင်ဆုံးကြယ်က ၄၈၄၀ လုံးရှိတယ်"

"အောရင့်(ချ်)က သေသေချာချာ လေ့လာထားတာပဲ"

သူမက အရေးမကြီးဟန်ဖြင့် ဒါက မူလတန်းကလေးလောက်တောင် သိတဲ့ကိစ္စပါဟု ပြော၏။ (သို့သော် အနည်းငယ်ဂုဏ်ယူစွာ တောက်ပသွား သည်ဟုတော့ ထင်ရ၏။ သူ့စိတ်ထင် သက်သက်သာဖြစ်ပါသည်)

ကတ္တီပါ ခရမ်းရောင်အကျီ်က စိုစွတ်နက်ရှိုင်းနေသောကြောင့် ဝင်းဝါ နုးညံ့သော လက်မောင်းသားက ပိုပြီး ပန်းပွင့်ဆန်နေ၏။ ရင့်မှောင်သော ခရမ်းရောင်အောက်ခံပေါ်တွင် ရွှေရောင်ခါးပတ်ကြိုးလေး ပတ်ထားပုံက သူမကို နတ်သမီးတစ်ပါးနှင့် ပိုပြီး တူနေစေသည်။

"ရှင်... နက္ခတ္တသိပ္ပံပညာ Astronomy ကို ယုံကြည်သလား"

"အင်း"

mgyoe.com

mgyoe.com


"ဒါဆို... သင်္ချာနဲ့ ယုတ္တိဗေဒ Logic ကိုကော"

"ယုံပါတယ်... ဘာဖြစ်လို့လဲ အောရင့်(ချ်)"

သူမက ဘောလ်ပင်တစ်ချောင်းကို လက်ထဲတွင် လှည့်ပတ်ကစားရင်း ပိုင်နိုင်စိတ်ချစွာ တစ်ချက်ပြုံးလိုက်သည်။ ထို့နောက်...

"ဗေဒင်ပညာဟာ အဲဒီဘာသာရပ်သုံးခုကို ပေါင်းစည်းဖို့ ကြိုးစားထားတာပဲ၊ ရှင် ဘာလို့ လက်မခံတာလဲ"

အား... သူမက ငါ့ကို အလစ်အငိုက် တိုက်ခိုက်ဖို့ ကြိုးစားတာပဲ။

"ဟင့်အင်း... ကျွန်တော်က အဲဒီပညာရပ်တွေကို မယုံကြည်တာ မဟုတ်ဘူး၊ ကံကြမ္မာကို မယုံကြည်တာ၊ လူတစ်ယောက်ရဲ့ ကံကြမ္မာကို ဘယ်လိုပညာရပ်နဲ့မှ ပုံသေနည်းထုတ်လို့မရဘူး၊ ဘယ်လိုသင်္ချာနဲ့မှ တွက်လို့မရဘူး"

"ခေတ်အဆက်ဆက်၊ သမိုင်းအဆက်ဆက်မှာ လူတွေဟာ ကံကြမ္မာကို အနိုင်ယူဖို့ ကြိုးစားခဲ့ကြတာပဲ၊ ဗေဒင်ပညာဟာ အဲဒီကြိုးပမ်းမှုတွေထဲက ထွက်ပေါ်လာတာ"

ညီညီက ပခုံးကို တွန့်ပြလိုက်၏။

(ချစ်သူရေ... တို့နှစ်ယောက်ကြားမှာ နှင်းမထူ၊ မြူမခြားပါစေနဲ့ကွယ်)

"အဲဒါ စိတ်ကူးယဉ်နေတဲ့ ကြိုးပမ်းမှုပဲ"

**"ကျွန်မကတော့ စိတ်ကူးယဉ်နေတဲ့ မိန်းမ မဟုတ်ဘူး၊ လူနဲ့စိတ်ကူး တစ်ထပ်တည်းကျနေတဲ့ မိန်းမ"**

*

သူမက ရာဇဝင်အဆက်ဆက်တွင် ပါခဲ့သော ဗေဒင်၏ ခြေရာင်တောက်ပခဲ့သည့် နေ့စွဲများ အကြောင်း ပြန်ပြောပြသည်။

သူမပြောသည့် စကားတွေက မိုးသက်လေပြည်ထဲတွင် အငွေ့ပြယ်ကာ ပါးလျားလွင့်ပါသွားကြသည်။ ညီညီက သူမ၏ ခြေရောင်လက်သန်းကလေးကိုသာ စိုက်ကြည့်နေ၏။ နောက်... ညီညီက...

"ကျွန်တော် မယုံဘူး"

mgyoe.com

mgyoe.com


"ရှင်... ဦးကုလားရာဇဝင် မဖတ်ဖူးဘူးလား"

"ဦးကုလားဆိုတာ ကျွန်တော်တို့ လမ်းထိပ်က ရေထမ်းတဲ့ လူကြီးပဲ၊ သူက ရာဇဝင်တွေ ဘာတွေ ရေးလို့လား"

ကောင်မလေး စိတ်ဆိုးသွား၏။ တော်ပြီ... ရှင်က စကားအကောင်း မပြောဘူးဟု ဆိုကာ မျက်နှာကို ဘေးတစ်ဖက်သို့ လွှဲနေ၏။

ဘေးတိုက်တည့်တည့် အနေအထားကြောင့် သူမ၏ ပြေပြစ်သော မဟာနဖူးနှင့် သွယ်စင်းသည့်နှာတံကို တိတိကျကျ မြင်ရလေသည်။

ညီညီက –

"အောရင့်(ချ်).. ဗေဒင်ကို စွန့်လွှတ်ပြီး တခြားဝါသနာတစ်ခုခု ပြောင်းလုပ်ကြည့်ပါလား၊ အဲ... ဟိုဒင်း... ခြင်းခတ်ပါလားဟင်"

ကောင်မလေးက 'တောက်' ခေါက်ပြီး သူ့ကို မျက်စောင်းတစ်ချက် ထိုးကြည့်သည်။ ညီညီ ရယ်ချင်လာ၏။ သူမက...

"ရှင် အေရိုးဗစ်ကစားမယ်ဆိုရင် ကျွန်မလည်း ခြင်းခတ်ဖို့ အဆင်သင့်ပဲ၊ ကဲ... ဒီတစ်ခါကော လောင်းဦးမလား"

**ချစ်သူကို ချစ်အပ်သောနေ့မှစ၍ အဖန်ဖန် ရှုံးနိမ့်ခြင်း၌ ရှင်သန်ရမည် ဆိုသည်ကို ထိုစဉ်ကတည်းက သိခဲ့ဖို့ ကောင်းပါသည်။**

*

မုတ်သုံရာသီကောင်းကင်ဦးမှာ
သက်တံတွေ ပွင့်ဖူးနေကြတယ်လို့
စိတ်ကူးယဉ်ကြည့်ကြရအောင်...။
အဝါရောင် လက်သန်းကလေးရေ
လူတွေက ဘာကို ယုံကြည်တတ်ကြပါသလဲ။

ဝမ်းနုတ်ဆေးရောင်းတဲ့ လူတစ်ယောက်အနေနဲ့ သူ့ဆေးကို စားရင် ဝမ်းသွားစေရမယ်လို့ ရဲရဲကြီး အာမခံနိုင်ပေမဲ့ ကံကြမ္မာဆိုတာကို ဘယ်သူ က အာမခံနိုင်မှာလဲ။

ဝမ်းနုတ်ဆေးတစ်ခွက်လောက်တောင်မှ အာမခံချက် မပေးနိုင်တဲ့

mgyoe.com

mgyoe.com


ကံကြမ္မာကို လူတွေက ဘာဖြစ်လို့ ယုံကြည်အားကိုးနေကြပါလိမ့်။

*

မိုးပြေး တစ်ပြိုက်နှစ်ပြိုက် ရွာထားသောကြောင့် သစ်ပင်ခက်လက်တွေ၊ အရွက်တွေပေါ်မှာ စိုစွတ်စိမ်းမြသော အလင်းကို မြင်ရ၏။

မြေသား၊ မြေမှုန်တို့သည် မိုးစက်တို့ကြောင့် ဖုန်သိပ်ကာ စိုထိုင်းထိုင်း ဖြစ်နေ၏။ လေပြည်လေညင်းတစ်ချက် တိုးဝှေ့သောကြောင့် ဆံပင်တွေကြားမှာ အေးမြသွားလေသည်။

အချစ်ဆိုတာ မုတ်သုံလေလိုပါပဲ။

"တစ်စုံတစ်ယောက်ရဲ့ ရင်ကို အေးမြစေဖို့ ပင်လယ်ကြီးတစ်ခုလုံးကို ဖြတ်သန်းလာခဲ့ရတာပေါ့" ဟု တွေးမိ၏။

*

ညီညီတစ်ယောက် ကိုညွန့်လွင်ဘက်ကို တစ်ချက်လှည့်ပြီး မေးသည်။

"ခင်ဗျား အောရင့်(ချ်)ကို ဘယ်လိုမြင်သလဲ ကိုညွန့်လွင်"

"ဘယ်လိုမြင်ရမှာလဲ... သူ ရေချိုးနေတုန်း ငါ ချောင်းကြည့်ဖူးတာမှ မဟုတ်တာ"

ညီညီ ရယ်လိုက်ရင်း...

"ဗေဒင်ဝါသနာပါတာကို ပြောတာ၊ သူ့သဘောထားက ကျွန်တော့်အပေါ်မှာ ဘယ်လိုဖြစ်လာနိုင်သလဲ"

"ချစ်သူတွေဆိုတာကတော့ တစ်ယောက်နဲ့တစ်ယောက် ဝါသနာချင်းတူမယ်၊ စိတ်သဘောထားချင်း ကိုက်ညီမယ်ဆိုရင် အကောင်းဆုံးပေါ့ကွာ"

ကိုနန်းနွယ်က ကဗျာစာအုပ်တစ်အုပ်ကို ဖတ်နေရာမှ ဝင်ပြောသည်။ ကိုညွန့်လွင်က ပြောချင်ဇောဖြင့် သောက်လက်စ လက်ဖက်ရည်ကို ကမန်းကတန်း မျိုချလိုက်ရင်း...

"နှစ်ယောက်စလုံး ဝါသနာတူနေလို့ ဘယ်ဖြစ်မလဲကွ၊ စာရေး

mgyoe.com

ဆရာ သစ္စာနီက ပြောဖူးတယ်၊ လင်ကော မယားပါ ဖဲရိုက်တာချင်း ဝါသနာတူနေလို့ ဘယ်ဖြစ်မလဲတဲ့၊ နှစ်ယောက်လုံး တစ်ဝိုင်းတည်းမှာ အဖမ်းခံရရင် အာမခံရှာပြီး ထုတ်မယ့်သူမရှိဘဲ ဖြစ်နေမှာပေါ့တဲ့" သူတို့အားလုံး ရယ်လိုက်ကြသည်။

ရင်ထဲမှာ အနည်းငယ် ပေါ့ပါးသလို ဖြစ်လာ၏။

ကိုနန်းနွယ်က... ကဗျာစာအုပ်ကို ဖတ်လက်စ စာမျက်နှာအကြားတွင် လက်ညှိုးညှပ်ကာ ပိတ်ရင်း ထိုင်နေရာမှထသည်။ 'အိမ်သာသွားလိုက်ဦးမယ်ကွာ' ဟု ပြောပြီး ကင်တင်းမှ ထွက်၏။ ညီညီက...

"ကဗျာစာအုပ်ထားခဲ့လေ... ကျွန်တော်လည်းဖတ်ဦးမှာ"

"ဟာ... ငါက အိမ်သာတက်ရင်း စာအုပ်တစ်အုပ်အုပ်ဖတ်နေရမှကွ၊ အကျင့်ဖြစ်နေလို့"

ကိုနန်းနွယ်အတွက်တော့ 'အိမ်သာ' သည် ကမ္ဘာ့ဗဟုသုတများကို လေ့လာဆည်းပူးရာ ပဋိကတ်တိုက်လည်းဖြစ်သည်။ ဂန္ထဝင်မြောက် အနုပညာလက်ရာများ၏ ရသကို ခံစားရာ ပြတိုက်လည်း ဖြစ်နေနိုင်ပါသည်။

"ကဗျာဆိုလို့ အနုပညာကိစ္စချင်း စကားစပ်ပြီး ပြောရဦးမယ်"

ကိုညွန့်လွင် စကားစသည်။ ဘာတွေများ တလွဲပြောဦးမလဲဟု တွေးကာ ညီညီ နားထောင်နေမိကာမှ ကိုညွန့်လွင်က အတည်ပေါက်ပြော၏။

"မင်း... သီချင်းရေးတာ၊ သီချင်းဆိုတာ အောရင့်(ချ်) သိလား"

"ဟင့်အင်း၊ ဘာဖြစ်လို့လဲ"

"ဟ... သူ့သဘောထားကို နည်းနည်းပါးပါး တီးခေါက်ကြည့်ရမှာပေါ့"

"တီးခေါက်ရအောင် အောရင့်(ချ်)က ပတ္တလားမှမဟုတ်တာ"

ကိုညွန့်လွင်က ရေနွေးကို ပလုတ်ကျင်း၍ ထွေးထုတ်လိုက်ရင်း

"မဟုတ်ဘူးလေကွာ... သူ့ဝါသနာကိုကျတော့ မင်းက ဘာဘာညာညာတွေ လျှောက်ပြောပြီး လှောင်လို့၊ ပြောင်လို့၊ မင်းဝါသနာကို သူသိရင်ကော ဘာဖြစ်မလဲ... အဲဒါ သိချင်တာ"

"ဆိုပါတော့ကွာ... မင်း ဝါသနာကို သူက အထင်သေးမယ်ကွာ... မင်းကို ကလေ့စားချေတဲ့အနေနဲ့ လှောင်မယ်၊ ပြောင်မယ်ကွာ၊

mgyoe.com